မြဝတီ နေ့စဉ်

မှန်မည်ထူးမည်၊ မြန်မည်ဦးမည် အသွင်သစ်နှင့်မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

နေမင်းသည်နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ည၌ပတ်လုံး တန်ခိုးတော်ဖြင့် တောက်ပ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၂၁၆)

■ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ သောကြာနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ်၊ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ်၊ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့် အတူ

စာမျက်နှာ ၁၆ ကော်လံ ၁ ★

ကထိန်အလှူခံကျောင်း နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ရာဇာဓိရာဇာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

တန်ဆောင်တိုင်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်းအများပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်ရေး မြို့ကြီးများတွင်ဆီတင်ယာဉ်များအား အရန်သင့်ထားရှိ



နေပြည်တော် နိုဝင်ဘာ ၁၉

တန်ဆောင်တိုင်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားလာမှုများပြားနိုင်သည့် ရန်ကုန်-ပဲခူး-နေပြည်တော်-မန္တလေး အမြန်လမ်း၊ ရန်ကုန်-ပုသိမ်-ချောင်းသာ-ငွေဆောင်လမ်း၊ သာစည်-ကလော-အင်းလေး-တောင်ကြီးလမ်း၊ မန္တလေး- မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုပ္ပါး-ပုဂံလမ်း၊ မန္တလေး-ပြင်ဦးလွင်လမ်းနှင့် ရန်ကုန်-ပဲခူး-

စာမျက်နှာ ၁၇ ကော်လံ ၁ ၁

နေပြည်တော်သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၌ လေးမြွာပူးမွေးဖွားသော မိခင်ကို ထောက်ပံ့ငွေပေးအပ်

စာ - ၁၃ သို့

ရှမ်းပြည်နယ်အတွင်း ဆီဖူလုံမှုတိုးတက်လာစေရေးအတွက် စိုက်ကေ ၄၅၃၅၄၉ ကေတွင် ၁၆၁၃၃၈ ကေ တိုးချဲ့စိုက်ပျိုးရန်လျာထားဆောင်ရွက်


တောင်ကြီး နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်အတွင်း စားသုံးဆီဖူလုံမှုတိုးတက်စေရေးအတွက် ၂၀၂၆- ၂၀၂၇ ခုနှစ်တွင် ဆီထွက်သီးနှံ ၄၅၃၅၄၉ ကေ စိုက်ပျိုးထားရာ ၁၆၁၃၃၈ ကေ တိုးချဲ့စိုက်ပျိုးရန်လျာထားဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ်တစ်ခုလုံး ခြံပြီးကြည့်မယ်ဆိုရင် ဆီဖူလုံမှုရာခိုင်နှုန်း

စာမျက်နှာ ၁၆ ကော်လံ ၁ ❖

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ အရှိန်ကြောင့် မိုးထစ်ချုန်းရွာမည်



အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “အက်ဗန်”သည် မြောက်ဘက်သို့

စာမျက်နှာ ၁၁ ကော်လံ ၃ ➡

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်

တိုင်းပြည်အေးချမ်းသာယာဝပြောတိုးတက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒနှစ်ရပ်ချမှတ်ထားပြီး အမျိုးသားရေးမူဝါဒတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကိုချမှတ်ထားသည်။ နိုင်ငံရေးမူဝါဒတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာဖော်ဆောင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကိုတည်ဆောက်ရေးဟူသည့်မူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မည်သည့်နိုင်ငံပင်ဖြစ်စေ အစိုးရများနှင့် ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးကောင်းမွန်ရန် လိုအပ်သည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိ တရုတ်နိုင်ငံ၊ လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိသည့် အိန္ဒိယနိုင်ငံနှင့် လူဦးရေသန်းပေါင်း ၁၆၀ ကျော်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စသည့်လူဦးရေများပြားသည့်နိုင်ငံများအကြားတွင်တည်ရှိနေသည်။ ထိုသို့တည်ရှိနေခြင်းကြောင့် မိမိတို့နိုင်ငံအနေဖြင့် ပြည်ပပို့ကုန်များတင်ပို့နိုင်ရန် အခွင့်အလမ်းများစွာရှိနေသည်။ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့ထုတ်ကုန်များ ရောင်းချမည့်နိုင်ငံ၏ စျေးကွက်လိုအပ်ချက်ကိုသိရှိရန်နှင့် စျေးကွက်ခိုင်မာမှုရရှိအောင် တည်ဆောက်ရန်ဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်နှင့်ပဲများကို အဓိကတင်ပို့ရောင်းချလျက်ရှိသည်။ ထိုသို့တင်ပို့ရာတွင် ပြည်ပနိုင်ငံတစ်ခု၊ နှစ်ခုတည်းကိုသာ မှီခိုနေ၍မရဘဲ မိမိတို့ထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်သည့် အခြားပြည်ပစျေးကွက်များကိုလည်း ရှာဖွေဆောင်ရွက်နေရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၁၈ ရက်က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားစဉ် **"မိမိအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်မှစတင်၍ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံ ၉ ခုသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး ၇ နိုင်ငံတွင် စီးပွားရေးဖိုရမ်များကိုကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါစီးပွားရေးဖိုရမ်များတွင် မိမိတို့နိုင်ငံသို့ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများလာရောက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပြီး အချို့နိုင်ငံကြီးများအနေဖြင့် မိမိတို့နှင့် လာရောက်ဆွေးနွေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၆၈ ခုကို ခွင့်ပြုပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၁၁၃ ခုကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ဖန်တီးပေးရန်နှင့် လုပ်ငန်းရှင်များက အရင်းအနှီးများထည့်ဝင်ပြီး အလုပ်အကိုင်နှင့်ထုတ်လုပ်မှုကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း အဆိုပါစည်းမျဉ်း၊ စည်းကမ်းဥပဒေများနှင့်ပတ်သက်၍ လေ့လာပြီး လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ ဂျီဒီပီကို လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး စသည့်ကဏ္ဍကြီးသုံးခုဖြင့် တိုင်းတာကြသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ဘဏ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ရောင်းဝယ်ခြင်းလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် ဖြတ်သန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းဘဝအတွေ့အကြုံများ၊ ဘဝတစ်လျှောက် ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများအပေါ်အခြေခံ၍ နိုင်ငံတော်အကျိုးအတွက် လိုအပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်၏အကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပေရာ အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်ပို့မိုဖွံ့ဖြိုးတိုးတက်လာစေရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။ ။

အယ်လ်နီညိုဂရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြော်နိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။

၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစောသို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။

၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။

၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္ထိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည်ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ ၁၉၉၃

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝ၃၁-၇၄၀၂၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံးစွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀) ရက်

(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။
- အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။
- နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။
- လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ(၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ

ဟားခါး နိုဝင်ဘာ ၁၉

ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ၏ လျှောက်လွှာများအား စိစစ်အတည်ပြုခြင်း၊ ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခြင်း စသည့်လုပ်ငန်းများကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ယခုအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်အချက်များကို လွတ်လပ်စွာဆွေးနွေးတင်ပြကြစေလိုကြောင်း ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းတောက်အောင်က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ယခုအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဖွဲ့စည်းမှု၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အစည်းအဝေးကျင်းပခြင်း၊



ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့ပြင် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များဖြစ်ကြသည့် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာ လျန်ဇခုပ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးပေါင်ဇလန်း၊ ပြည်နယ်ဥပဒေချုပ် ဦးကပ်တလွန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းနှင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီနိုင်တို့က အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကရင်ပြည်နယ်အတွင်း မိုးစပါးစံကွက်ပေါင်း ၁၈၁၁ ကွက် ရိတ်သိမ်းမည်

ဘားအံ နိုဝင်ဘာ ၁၉

ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးစပါး ၃၇၇၉၃၆ ဧကစိုက်ပျိုးခဲ့ပြီး စပါးအထွက်နှုန်း မှန်ကန်စွာသိရှိနိုင်ရန် ပြည်နယ်အတွင်းရှိ မိုးစပါးစံကွက်ပေါင်း ၁၈၁၁ ကွက်ကို ရိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စု ကမော့ကစင်ကျေးရွာမှ တောင်သူဦးတင်ဝင်း၏ ဆင်းသုခမိုးစပါးစိုက်ခင်းကို ယနေ့နံနက်ပိုင်းက စံကွက်ရိတ်သိမ်းမှုဆောင်ရွက်ရာ စံကွက်ရိတ်သိမ်းမှုနှင့် ရိတ်သိမ်းရရှိလာသည့် မိုးစပါးများအား အထွက်နှုန်းစိစစ်ချိန်တွယ်တိုင်းတာမှုတို့ကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ပြည်နယ်ဝန်ကြီးများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မီးဘေးအန္တရာယ်၊ မီးခိုးမြူငွေ့များနှင့် လေထုညစ်ညမ်းမှု၊ Fire Hotspot လျှော့ချရေး၊ တစ်ဧကစိုက်ပျိုးကုန်ကျစရိတ်၊ အကျိုးအမြတ်တွက်ချက်ခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားကာ ပါဝင်ကူညီပေးသောအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း(ဒုံရင်း)မှ Grade-12 အောင်မြင်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(မအူပင်)၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း)၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)နှင့် စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)သို့ တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ခရီးစရိတ်နှင့် ပညာသင်စရိတ်များပေးအပ်သည်။

ကရင်ပြည်နယ်အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း (ဒုံရင်း)မှ Grade-12 အောင်မြင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) သို့တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)သို့ တက်ရောက်မည့် ကျောင်းသူငါးဦး၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူငါးဦး၊ စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)သို့တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူခြောက်ဦး စုစုပေါင်း ၂၈ ဦးအတွက် တစ်ဦးလျှင် လစဉ် ငွေကျပ်တစ်သိန်းငါးသောင်း ပညာသင်စရိတ်ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

လွိုင်ကော်မြို့အတွင်း လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်



လွိုင်ကော် နိုဝင်ဘာ ၁၉

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်၊ မြို့ဝင်/မြို့ထွက်လမ်းများနှင့် မြို့တွင်းလမ်းများ ပိုမိုကောင်းမွန်လာပြီး အများပြည်သူ သွားလာရေးလွယ်ကူချောမွေ့စေရန် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လောဓမ္မရပ်ကွက်၊ ဒေါတမရပ်ကွက်နှင့် နမ့်ဘော်ဝမ်(က)နှင့်(ခ) ရပ်ကွက်တို့ကို ဖြတ်သန်းဖောက်လုပ်ထားသော မြကန်သာလမ်း အရှည်ပေ ၃၂၀၀၊ အကျယ် ၂၄ ပေအား ကတ္တရာကွန်ကရစ်ခင်းခြင်းနှင့် လမ်းပခုံးကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော် သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးစစ်ဆေးရေးအဖွဲ့များက လုပ်ငန်းစဉ်အဆင့်ဆင့်ကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲသို့ သွားရောက်၍ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြေ၊ မျိုး၊ ပိုးဓာတ်ခွဲခန်းအဆောက်အအုံ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်မြေဩဇာနှင့် မြေဆီလွှာဓာတ်ခွဲခြင်း လုပ်ငန်းများ၊ သီးနှံများတွင် ကျရောက်သည့် ပိုးမွှားရောဂါဓာတ်ခွဲခြင်းနှင့် မျိုးစေ့အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းများ ပြန်လည်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းကိရိယာများကို ပြန်လည်ဖြည့်ဆည်းရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် ဒေါ်ဥခူရပ်ကွက်ရှိ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသို့ သွားရောက်၍ ကယားပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် နေအိမ်ထိခိုက်ပျက်စီးခဲ့ရသည့် ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရန် သစ်ခွဲသားများ ပထမအကြိမ် ရောက်ရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သစ်များစနစ်တကျ နေရာချထားရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ သတ်မှတ်တန်ချိန် ပြည့်မီစေရေး၊ ကျန်ရှိသည့် သစ်တန်ချိန်များကိုလည်း သတ်မှတ်ကာလအတွင်း အမြန်ဆုံးရောက်ရှိနိုင်ရေးဆောင်ရွက်ရန်နှင့် အိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



ယမန်နေ့မှအဆက်

ထိုကျောင်းကြီးတွင် ကျောင်းထိုင်နေသည့် ပထမဘုံကျော်ဆရာတော် ဦးရေဝတမှာ ရန်ကုန်ပို့ရွာကျောင်းကြီးတွင် ငယ်စဉ်က စံနက်ကျော်နှင့် စာသင်ဖက်သူငယ်ချင်းဖြစ်သည်။ နန္ဒာဘေးမဲ့ဥယျာဉ်ကြီးက ကျေးငှက်သာရကာ၊ ချေ၊ ဒရယ်၊ သမင်၊ ဝံ၊ နွားနောက်၊ မျောက်မျိုးစုံစွာနှင့် အလွန်ပင်သာယာအေးချမ်းပြီး မယ်တော်မယ်ရွှဲကောင်းမှု ထုပ်စွပ်လျောက်စွပ်၊ ရုပ်စုံထွင်း ငါးစောင်တွဲကျောင်းကြီးမှာ ခံထည်ခမ်းနားသကဲ့သို့ အတောင်ငါးဆယ်မျှ ဥဇ္ဈာတော်ရှိသော စေတီကြီးမှာလည်း ကြည်ညိုဖွယ်ကောင်းလှသည်။ ထို့ပြင် ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့၏ ကုန်းဘောင်ခေတ်ဦး လွမ်းမောဖွယ်အဖြစ် ထုလုပ်ထားသော စေတီမုခ်ဦးမှ ခြင်္သေ့ရုပ်တုကြီးမှာ အချိုးအစားကျနကာ အင်္ဂတေအုတ်သားကအစ ကောင်းမွန်လှ၏။

ညနေစောင်း နေရီရိတွင် ဥယျာဉ်ပန်းမန်များနှင့် ကျေးငှက်သာရကာတို့၏ တီတီတာတာ သဘာဝအသံများကို နားထောင်အပန်းဖြေရင်း နန်းရင်ပြင်အာဏာစက်အောက် မွန်းကျပ်ခဲ့သမျှသော စိတ်တို့ကို စံနက်ကျော်ဖြေဖျောက်ရသည်။ ထို့နောက် ဘေးလောင်းတော် အလောင်းမင်းဘုရား လက်ထက်တော်မှ အစဉ်အဆက်ထမ်းရွက်ကြမြဖြစ်သည့် ရေကင်းခုနစ်ရွာများဖြစ်ကြသော မြစ်ဧရာဝဲယာမှ အောက်ကင်းရွာ၊ ပဒုတောင်ရင်း၊ ခက်ခ၊ ဆင်ကျွန်း၊ ဒေါင်းကျွန်း၊ ဒဂိုးကျွန်းရွာကြီးများမှ လူရေးလူစရှိသူတို့ကို စည်းရုံးကာ အထက်ကျောက်မြောင်းမှ တစ်ဆင့် ရွှေဘိုသို့ကူး၍ လူရွာရပြန်သည်။

ရွှေဘိုတွင် ဘုတလင်နယ်၊ ခင်ဦးနယ် အမြင့်ကန္နီ ဗန့်ကျီတိုက် ချောင်းဦးဆယ်ရွာများသို့ လှည့်လည်စုဆောင်းပြီး ရွှေဘို၊ မင်းကုန်းကျောင်း၌ အရွယ်နှင့်မမျှ ဉာဏ်ရည်ဉာဏ်သွေးထက်လှသော ကြန်အင်လက္ခဏာထူးခြားသည့် အသက်ခြောက်နှစ်ခန့်အရွယ် ကိုရင်ငယ်လေးတစ်ပါးကိုတွေ့ခဲ့ရ၏။ ထိုကိုရင်လေးမှာ ဒီပဲယင်းနယ် သရက်ကန်ရွာဇာတိဖြစ်ပြီး ဘွဲ့တော်ရှင်အဂ္ဂ ငယ်မည်မောင်စံရှားဟု သိရ၏။

ကိုရင်လေးမှာ အခြေခံပရိယတ်စာပေ သဒ္ဒါ၊သင်္ကြိဟ်၊ သင်ရိုးကုန်ရုံပင်မက ဗေဒင်၊ အင်းအိုင်၊ လက်လှည့် အစရှိသော လောကီတက်ကျမ်းများကိုပင် သင်ယူတတ်ကျွမ်းထားပြီးဖြစ်ကြောင်း တွေ့ခဲ့ရလေသည်။ လူရည်လူသွေးအနေဖြင့်လည်း မင်းကြောက်စိုးရွံ့အလျှင်းမရှိ ပကတိတည်ကြည်သော နှလုံးရည်ကောင်းကိုလည်း အကဲခတ်ရခဲ့လေရာ စံနက်ကျော်လွန်စွာသဘောကျခဲ့လေသည်။

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ



မျိုးရိုးကိုလေ့လာရာ၌လည်း သူဖခင်က ပုဂံမင်းလက်ထက်က နှစ်ကျိပ်မြင်းမှူးဖြစ်ခဲ့ပြီး မိခင်က ပုဂံမင်းလက်ထက်တော်တွင် နန်းတွင်းသူအပျိုတော်ဖြစ်ခဲ့ကြောင်းသိရသည်။ ထို့ကြောင့် "အိမ်း ဒီကိုရင်လေး အရွယ်ရောက်လို့ သာသနာမှာမမြဲလို့ မင်းမှုစိုးရာများအမှုထမ်းချင်သပဆို ရွှေနန်းတော်က လက်ျာဝင်းမှူး နေမျိုးသီဟသူရ တပ်မှူးစံနက်ကျော်ဆိုပြီးမေးလာခဲ့ပါ စောင့်ရှောက်ပါ့မယ်" ဟု ကလေးမိဘများကို အမှာစကားထားခဲ့လေသည်။

ကလေးသူငယ်အရွယ်မှအစ ကြန်အင်လက္ခဏာ ရုပ်ဆင်းအင်္ဂါကို ကြည့်၍ ထက်မြက်သည့် လူချွန်လူကောင်းများကို ရှာဖွေမွေးမြူမြေတောင်မြောက်ပေးတတ်ကြသော အိမ်ရှေ့စံကနောင်မင်းသားကြီး နှင့်မင်းလှနေဝ်ရထာဦးကျော်ရွှေးတို့၏ လက်ရင်းတပည့်ပီပီ စံနက်ကျော်ကလည်း လူရည်လူသွေး ကြန်အင်လက္ခဏာဖတ်တတ်သောပညာမှာ ထူးခြားစွာပါရမီပါခဲ့၏။ ထို့ကြောင့် ထူးခြားထက်မြက်မည့် ကလေးသူငယ်လူရွယ်များတွေ့လျှင် ရွှေချယ်သူကောင်းပြု မြေတောင်မြောက်လိုသောဆန္ဒက လွန်စွာပြင်းလှသူဖြစ်သည်။

လူစုဆောင်းရာတွင် မတ္တရာနယ်မှ ဆယ်ယောက်၊ ရေကင်းခုနစ်ရွာမှ ငါးဆယ်၊ ကျောက်မြောင်းမှဆယ်ယောက်၊ ရှိမ္ဘကားမှငါးဆယ်၊ ရွှေဘိုမှ ငါးဆယ်၊ မြင်းခြံမှငါးဆယ်၊ ဝဲလောင်မှသုံးဆယ်၊ ကျောက်ဆည်မှ အယောက်သုံးဆယ် အသီးသီးရရှိခဲ့လေရာ အရှင်နှစ်ပါး အထူးနှစ်ထောင်းအားရဖြစ်တော်မူခဲ့ကြသည်။

ထိုကာလတွင် အင်္ဂလိပ်မြန်မာနယ်စပ် မြေထဲသရက်နယ်ဘက်များတွင် ကုလားဖြူများက မြန်မာဘုရင်ပိုင်နယ်မြေများအတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ပစ္စည်းများလုယက်ခြင်း၊ မြန်မာအမျိုးသမီးများကိုစော်ကားခြင်းများပြုလုပ်ရန်စနေကြရာ ခရီးရောက်မဆိုက်ပင် စံနက်ကျော် ရှေ့တန်းစစ်မြေပြင်သို့ စေလွှတ်ခံရပြန်လေသည်။ ရှေ့တန်းစစ်မြေပြင်သို့မသွားမီ အရှင်နှစ်ပါး၏ခြေတော်ရင်းသို့ ခစားရမြဲဖြစ်လေရာ နေ့လယ်လက်ဖက်ရည်တော်ဆောင်၌ ဝင်ရောက်ခစားခွင့်ရလေသည်။

"အလို ကိုကြီးစံ ကိုယ်တော် ရွှေပလွင်နန်းသိမ်းမြန်းတာ ဘယ်လောက်ကြာပြီလဲ၊ အခုမှအခစားရောက်သလား"

"မှန်လှပါဘုရား ဘုန်းတော်ကြောင့် တိုင်းနိုင်ငံအေးချမ်းဖို့အရေးစစ်မက်ရေးရာအတွက် ရပ်ဝေးနယ်ခြား တိုင်းစွန်ပြည်ဖျားစစ်မြေပြင်မှာ အရှင့်အမှုတော်ကို ကုန်စင်အောင်ထမ်းနေရကြောင်းပါဘုရား"

"မောင်တော်ဘုရားမိန့်တော်မူလို့ ကိုကြီးစံနာမည်ကို သခင်မယဉ်ပါးတော်မူပါရဲ့၊ မောင်မင်းရဲ့ ဂုဏ်သတင်းလည်းကြားသိပါရဲ့၊ မောင်မင်းက သခင်မတို့အပါး မခစားလိုဘူးလား"

ဆက်လက်ဖော်ပြပါမည်။



လူငယ်ရေးရာအသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အသင်းအဖွဲ့များပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲနှင့်ပြပွဲများကို ယနေ့ နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(ထန်းတပင်)၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စံထွန်းက ဟောပြောပွဲ၊ ပြိုင်ပွဲနှင့် ပြပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားသည်။

ဆက်လက်၍ ကာယဉာဏ ပြိုင်ပွဲများကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီးနောက် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့်သုတ၊ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ရန်ကင်း

၂၀၂၆-၂၀၂၇ နှစ်ပတ်လည်အထွေထွေအစည်းအဝေး (2026-AGM)နှင့် အသင်းသားစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ၂၀၂၆-၂၀၂၇ နှစ်ပတ်လည် အထွေထွေအစည်းအဝေး(2026- AGM)နှင့် အသင်းသားစုံညီအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ၂၀၂၆-၂၀၂၇ နှစ်ပတ်လည်အထွေထွေအစည်းအဝေး(2026-AGM)နှင့်အသင်းသားစုံညီအစည်းအဝေးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြင်သစ်အခြေစိုက် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်(FIABCI) World President Lily Chang က Video Click ဖြင့် မိန့်ခွန်းစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) နာယက ဦးသန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတကာအိမ်ခြံမြေဝန်ဆောင်မှုပညာရှင်များဖြစ်ကြသော Dr.Supon Pron Chokchai (Board Member International Real Estate Federation, FIABCI From Thailand)နှင့် Mr. Farooq Mahmood (FIABCI World President 2017–18,Chairman Emeritus FIABCI–India, CMD Silverline Realty From India တို့က အသီးသီးဟောပြောဆွေးနွေးကြသည်။ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌကြီးရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက အိမ်ခြံမြေနှင့်ဆိုင်သော လူ့အခွင့်အရေး အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **လင်းခန့်**

Myanmar Golf Club JGM Winter Cup 2026
မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM)မှ ကြီးမှူး၍ မြန်မာဂေါက်သီးရိုက်အသင်း(၉) မိုင်မှ အဓိကပံ့ပိုးကူညီသော Myanmar Golf Club JGM Winter Cup 2026 မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း(၉)မိုင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ Junior Golf Myanmar ဥက္ကဋ္ဌ ဦးအောင်ကိုဇော်နှင့် မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးအေးကိုကိုစိုးတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက်မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက မြန်မာဂေါက်သီးရိုက်အသင်းသို့ Golf Course Sprinkler Head များ လျှပ်ဒါန်းရာ မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးအေးကိုကိုစိုးက လက်ခံရယူပြီး ပြိုင်ပွဲပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်ကစားသမား ၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

လူငယ်ဂေါက်သီးရိုက် ပြိုင်ပွဲကို နိုဝင်ဘာလ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဝန်းရံခ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ပြည်တွင်းရေးဝန်ကြီးဌာန ပြည်ထဲရေးဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ် နှင့်အတူ တာဝန်ရှိသူတို့တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်းနိုင်ငံရေးအရဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများကောင်းမွန်သည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ်တာဝန်လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်အစိုးရမှ မြန်မာနိုင်ငံအား ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီလျက်ရှိခြင်း၊ ရိုဟင်ဂျာအခက်အခဲကိစ္စကို ဘင်္ဂလားဒေ့ရှ်နှင့် ပေါင်းစပ်ဖြေရှင်းနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားခြင်း စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

✦ ကျော်ဖုံးမှအဆက်

နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူတို့တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်းနိုင်ငံရေးအရဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများကောင်းမွန်သည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ်တာဝန်လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်အစိုးရမှ မြန်မာနိုင်ငံအား ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီလျက်ရှိခြင်း၊ ရိုဟင်ဂျာအခက်အခဲကိစ္စကို ဘင်္ဂလားဒေ့ရှ်နှင့် ပေါင်းစပ်ဖြေရှင်းနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားခြင်း စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

ReCAAP ISC ၏ Cluster Meeting-2026 အစည်းအဝေးကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ReCAAP ISC ၏ Cluster Meeting-2026 အစည်းအဝေးကို နိုဝင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်များတွင် ရန်ကုန်မြို့၊ Park Royal Hotel ၌ ကျင်းပရာ အစည်းအဝေးသို့ ReCAAP Information Sharing Center (ISC) မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် လေ့လာသူနိုင်ငံများအဖြစ် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ်များ၊ တပ်မတော်(ရေ)နှင့်မြန်မာနိုင်ငံရေကြောင်းအဖွဲ့အစည်း ၁၉ ဖွဲ့မှကိုယ်စားလှယ်များတက်ရောက်ကြသည်။

ဦးစွာ ReCAAP ISC ၏မြန်မာနိုင်ငံဆိုင်ရာ Governor က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ReCAAP Information Sharing Center (ISC) ၏ အမှုဆောင်ဒါရိုက်တာ Vijay D Chafekar က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက်စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာသူကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးအား ဆက်လက်ကျင်းပရာ ဒေသတွင်းနယ်ပယ်ဆိုင်ရာ အခြေအနေများ၊ ပင်လယ်ဓားပြမှုနှင့် လက်နက်ကိုင်လုယက်မှုဖြစ်စဉ်များ၊ ရေလက်ကြား ရေလမ်းကြောင်းများတွင် ပင်လယ်ဓားပြမှုနှင့် လက်နက်ကိုင်လုယက်မှုဖြစ်စဉ်များ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ နိုင်ငံအလိုက် ဆွေးနွေးတင်ပြကြပြီး ဒေသတွင်းလက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာ အခြေအနေ၊ ကြုံတွေ့လာနိုင်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအတွက်ကြိုတင်ပြင်ဆင်ထားရှိရမည့်အခြေအနေ၊ သတင်းအချက်အလက်များ ပိုမိုပူးပေါင်းမျှဝေရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ဆက်လက်၍ အဖွဲ့လိုက်ဆွေးနွေးချက်များအပေါ် ReCAAP Information Sharing Center (ISC) ၏ အမှုဆောင်ဒါရိုက်တာက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိအထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ReCAAP ISC ၏ Cluster Meeting-2026 အစည်းအဝေး တက်ရောက်လာကြသူများစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ညမီးကြိုးနှင့် စိန်နားပန် မီးပုံးပျံပြိုင်ပွဲ(တတိယည)ပွဲတော်လာ ည့်ပရိသတ်များဖြင့်စည်ကားလျက်ရှိ




တောင်ကြီး နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့အဝေးရာမီးပုံးပျံကွင်း၌ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ညမီးကြိုးနှင့်စိန်နားပန် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲ(တတိယည)ကို နိုဝင်ဘာလ ၁၈ ရက် ညပိုင်းက ဆက်လက်ကျင်းပသည်။

အဆိုပါ မီးပုံးပျံပြိုင်ပွဲ၌ တောင်ကြီးမြို့နယ် ရပ်ကွက်အသီးသီးနှင့်ပတ်ဝန်းကျင်ဒေသများ၊ မီးပုံးပျံဝါသနာရှင်များ၊ မီးပုံးပျံအဖွဲ့ဝင်များက အိုးစည်ဗုံမောင်းများ တီးမှုတ်ကခုန်၍ ညမီးကြိုး ၂၅ ပေ အမျိုးအစား ခြောက်လုံးနှင့် စိန်နားပန်အလှမီးပုံးပျံ လေးလုံး စုစုပေါင်းမီးပုံးပျံ ၁၀ လုံးကို ရှေးရိုးရာအစဉ်အလာမပျက် စနစ်တကျစုပေါင်းလွှတ်တင်ယှဉ်ပြိုင်ကြသည်။ ထိုသို့ယှဉ်ပြိုင်နေမှုကို အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာ ဧည့်ပရိသတ်များသာမက ကမ္ဘာလှည့် ခရီးသွားဧည့်သည်များပါလာရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် ပွဲစျေးဆိုင်ခန်းများ၊ ခေတ်ပေါ် တေးဂီတ ဖျော်ဖြေတင်ဆက်သည့် နေရာများ၊ ပျော်ပွဲရွှင်ပွဲနေရာများတွင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

စိုင်းအယ်ဘဲ

မိုးလေဝသ သတင်း



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။

စလင်းမြို့နယ်၌ ချည်မျှင်ရှည်ဝါ ၃၁၅၇၃ ဧက စိုက်ပျိုး

စလင်း နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၂၆ ခုနှစ်တွင် မိုးဦးချည်မျှင်ရှည်ဝါနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ ၃၁၅၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ် မြေစာရင်းအင်းဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှသိရသည်။

စလင်းမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံ မြေပဲ၊ နေကြာ၊ ပဲမျိုးစုံနှင့် ဝါများကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ဝါအထွက်နှုန်းကောင်းမွန်ခဲ့သဖြင့် ယခုနှစ်တွင် ချည်မျှင်ရှည်ဝါကို နေရာဒေသအလိုက် တောင်သူများ စိုက်ပျိုးလာကြပြီဖြစ်သည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံတောင်သူများ ဝါသီးနှံ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အပတ်စဉ် တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေ အသိပညာပေးဟောပြောခြင်း၊ ဝါစိုက်ကွင်းများသို့ ကွင်းဆင်းကြည့်ရှုခြင်း၊ ရာသီဥတုနှင့် ကိုက်ညီမည့် ပိုးသတ်ဆေးများ အသုံးပြုပုံများ အသိပညာပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။ ဝါစိုက်တောင်သူများ အနေဖြင့် ယခုနှစ်တွင် မိုးဦးချည်မျှင်ရှည်ဝါ ၂၄၄၉ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၂၉၁၂၄ ဧကအား စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်လွင်(စလင်း)

သဇင်(FM) အသံလွှင့် အစီအစဉ်

၂၀-၁၁-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ ဥယျာဉ်မှူးတို့ သိမှတ်စရာ
၂။ ၁၀:၀၀ လောကနီတိ
၃။ ၁၃:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ မြန်မာသံစဉ် (ကာလပေါ်တေး)

ဒုတိယသမ္မတ ဦးညီစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး

H.E. Ms. Prabashini Ponnamperuma အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ဒုတိယသမ္မတ ဦးညီစောသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေး ပိုမိုကောင်းမွန်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့် ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့် အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

ဒုတိယသမ္မတ ဦးညီစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma အား လက်ခံတွေ့ဆုံစဉ်။



မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံသံအမတ်ကြီးအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာနီကာရာဂွါနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးခိုင်မာတိုးတက်လာမှုနှင့် နှစ်ဖက်သံရုံးများ အပြန်အလှန်ဖွင့်လှစ်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲနှင့် အစိုးရသစ်ပေါ်ပေါက်လာမှုအပေါ် ထောက်ခံအားပေးခဲ့မှု၊ မြန်မာ့လွှတ်တော်ဖွဲ့စည်းပုံနှင့် နိုင်ငံတကာပါလီမန်အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အတွေ့အကြုံဖလှယ်ရေး တိုးမြှင့်ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

ရန်ကုန်မြို့ရှိ ဆက်သွယ်ရေးစခန်းများနှင့် အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်းများအား ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီးစိမ်းချောင်းမြို့နယ် ဟံသာဝတီရုံးရှိ ဒေတာစင်တာ၊ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းနှင့် ဝေဠုဝန်ဆက်သွယ်ရေးစခန်းတို့၌ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ရေးစက်ခန်းများ လည်ပတ်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် ဟံသာဝတီဒေတာစင်တာ၊ အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်းနှင့် ဝေဠုဝန်ဆက်သွယ်ရေးစခန်းတို့၌ သက်ဆိုင်ရာတာဝန်ရှိသူများက ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဒေတာစင်တာလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ရန်ကုန်မြို့အတွင်းရှုပ်ထွေးနေသောကေဘယ်ကြိုးများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအပြင် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများပူးပေါင်းပါဝင်၍ မြို့နယ်အလိုက် ရှင်းလင်းဆောင်ရွက်သွားကြရန်၊ ဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် ဆက်သွယ်ရေးဆက်ကြောင်းများ အစဉ်ကောင်းမွန်စေရေး လိုအပ်သည့်အရန်ဆက်ကြောင်းများကို ဆောင်ရွက်ထားရှိရန်နှင့်ချွတ်ယွင်းမှုဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိရန်လည်း မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံရုံးယာယီတာဝန်ခံ/အကြီးတန်းသံမှူး Mr. Aleh Holubeu အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လက်ခံတွေ့ဆုံ


နေပြည်တော် နိုဝင်ဘာ ၁၉

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် နေပြည်တော်အခြေစိုက်မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံရုံးယာယီတာဝန်ခံ/အကြီးတန်းသံမှူး Mr. Aleh Holubeu အား ယနေ့ညနေ ၃ နာရီတွင် ရုံးအမှတ်(၁) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ်နိုင်ငံ၌ကျင်းပခဲ့သည့် ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးနှင့် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ စက်မှုပြပွဲသို့ တက်ရောက်စဉ် ဆွေးနွေးခဲ့သည့် နှစ်နိုင်ငံသဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အခြေအနေများ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ



မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၂°c	/	၃၃°c
ရန်ကုန်	၂၂°c	/	၃၅°c
မန္တလေး	၂၂°c	/	၂၆°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဝိုးတန်ရေချိုကို ချွေတာကြပါစို့

မြန်မာနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ ပညာရေး၊ သုတေသနနှင့် နည်းပညာဖလှယ်မှုနယ်ပယ်များမြှင့်တင်နိုင်ရေးဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma ကို နေပြည်တော်ရှိ ရုံးအမှတ်(၁၅) ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့်ဆက်စပ်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ ပညာရေး၊ သုတေသနနှင့် နည်းပညာဖလှယ်မှုနယ်ပယ်များမြှင့်တင်နိုင်ရေး၊ သုတေသနပူးပေါင်းဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စိုက်ပျိုးရေးနယ်ပယ်များတွင် အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ရေး၊ ပုစွန်မွေးမြူရေး၊ ပင်လယ်မျှော့မွေးမြူရေး၊ ငါးသားပေါက်ထုတ်လုပ်ရေး၊ ရေသတ္တဝါရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် Digital Aquaculture Management ဆိုင်ရာ နည်းပညာများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံရာသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

ချောင်းဆုံမြို့နယ် ကလိကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ သီးထပ်စိုက်ပျိုးရန် နေကြာနှင့်ဆီပဲပုပ်မျိုးစေ့များပေးအပ်



မော်လမြိုင် နိုဝင်ဘာ ၁၉

မွန်ပြည်နယ်၏ စိုက်ပျိုးရေး ဆီဖူလုံစေရေးတို့အတွက် ဒုတိယသီးနှံသီးထပ်စိုက်ပျိုးရန် နေကြာနှင့်ဆီပဲပုပ်မျိုးစေ့များ ပေးအပ်ခြင်းနှင့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ကလိကျေးရွာရှိ တောင်သူ ဒေါ်သန်းလှ၏လယ်မြေ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက မြို့နယ်အတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ သီးထပ်စွမ်းအားတိုးတက်ရေးနှင့် မွန်ပြည်နယ်အတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက တောင်သူများအနေဖြင့် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များကို မှန်ကန်စွာ စိုက်ပျိုးထုတ်လုပ်ကြရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားအောင် အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အကျိုးဆောင်တောင်သူများကို ဒုတိယသီးနှံစိုက်ပျိုးရန် အရည်အသွေးကောင်းမွန်သော နေကြာနှင့်ဆီပဲပုပ်မျိုးစေ့များကို လက်ဝယ်အရောက်ပေးအပ်ပြီး တောင်သူများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့ပြင် မော်လမြိုင်မြို့ ကျောက်တန်းစက်မှုဇုန်၌ Star One တိရစ္ဆာန်အစာထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက Star One တိရစ္ဆာန်အစာထုတ်လုပ်ရေးစက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စက်ရုံတာဝန်ရှိသူတစ်ဦးက တိရစ္ဆာန်အစာထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးမီ တိရစ္ဆာန်အစာများကို သက်သာသောဈေးနှုန်းဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရေး၊ စက်ရုံရေရှည်လည်ပတ်နိုင်ရေးနှင့် အရည်အသွေးထိန်းသိမ်းနိုင်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ စက်ရုံအတွင်း တိရစ္ဆာန်အစာများကို ခေတ်မီစက်ကိရိယာများဖြင့် အဆင့်ဆင့်ထုတ်လုပ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

စည်သူ(ပြန်/ဆက်)

ကလေးမြို့နယ်၌ ပဲတီစိမ်းသီးနှံ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကလေး နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၆-၂၀၂၇ ခုနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကလေးမြို့နယ်၌ ပဲတီစိမ်းသီးနှံ ၉၂၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၂၅၂၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန် ကလေးမြို့နယ်မှာ ပဲတီစိမ်းသီးနှံ ဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံလျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပဲတီစိမ်းစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးတယ်”ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေးက ပြောသည်။

ကလေးမြို့နယ်၌ ပဲတီစိမ်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိပြီး ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စုအတွင်း ငါးမွေးမြူရေးကန်များ တိုးချဲ့ဖော်ထုတ်မွေးမြူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ



မြစ်ကြီးနား နိုဝင်ဘာ ၁၉

မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာအနီးရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများပေါ်၌ မွေးမြူရေးဇုန်နေရာတစ်ခုအဖြစ် အကောင်အထည်ဖော်နိုင်ရေး မွေးမြူရေးလုပ်ကိုင်လိုသူများအား မြေယာဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နွား၊ ဝက်နှင့် ကြက်မွေးမြူရေးလုပ်ငန်းများအတွက် မြေနေရာများ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဦးသိန်းဟန်၏ကြက်ခြံများ၌ အသားတိုးကြက်အကောင်ရေ ၁၀၀၀၀ ကျော် မွေးမြူထားရှိမှု၊ အဆိုပါကြက်မွေးမြူရေးခြံဧရိယာအတွင်း ကြက်ခြံသုံးခြံ ထပ်မံတည်ဆောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ မကြာမီ ဒေသတွင်း၌ ကြက်ဥဖောက်စက်ရုံနှင့် တိရစ္ဆာန်အစာစက်ရုံ တည်ဆောက်ပြီးစီးမည်ဖြစ်သည့်အတွက် ကြက်သားပေါက်များ လွယ်ကူစွာရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပလနကျေးရွာအုပ်စုရှိ ရွာလှမြိုင်ကျေးရွာအတွင်းရှိ ငါးကန်များအား စနစ်တကျ ပြန်လည်တူးဖော်ခြင်း၊ ရေသွင်းမြောင်းများ ဖောက်လုပ်ခြင်းနှင့်ငါးမွေးကန်ဧရိယာအတွင်း မြေယာရှင်းလင်းဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အဆိုပါကျေးရွာအတွင်း ငါးမွေးကန် ၁၂ ကန်တူးဖော်၍ ငါး၊ ပုစွန်နှင့် ငါးရှဉ့်များ စိုက်ထည့်မွေးမြူနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ကဏ္ဍအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသ၏လူဦးရေနှင့်တွက်ချက်၍ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်သည့် စီမံချက်တစ်ခုရေးဆွဲနိုင်ရေး၊ ပြည်နယ်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို တိုးတက်ထွန်းကားလာစေရေး စဉ်ဆက်မပြတ်လေ့လာဆန်းစစ်၍ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ပြည်နယ်အတွင်း ဆန်စပါးအပါအဝင် ဆီထွက်သီးနှံနှင့် အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ ဆန်စက်၊ ဆီစက်များ အသစ်တည်ဆောက်အဆင့်မြှင့်တင်နေမှု အခြေအနေများနှင့် ခရိုင်အလိုက် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုသည့် သတင်းထုတ်ပြန်ချက် (၁၂/၂၀၂၆)

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့ကလေးများနေ့သည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Rights of the Child – CRC) ကို အတည်ပြုခဲ့သည့် (၃၇) နှစ်မြောက်အထိမ်းအမှတ်နေ့ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ကလေးတိုင်း၏အခွင့်အရေးများကို အသိအမှတ်ပြုလေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန် နိုင်ငံတကာအသိုက်အဝန်းအား ပြန်လည်သတိပေးသည့် နေ့တစ်နေ့လည်းဖြစ်ပါသည်။

၂။ ယခုနှစ် ကမ္ဘာ့ကလေးများနေ့၏ဆောင်ပုဒ်ဖြစ်သည့် **"My Day, My Rights, My Future"** သည် ကလေးများ၏ နေ့စဉ်ဘဝ၊ ၎င်းတို့ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးများနှင့် အနာဂတ်မျှော်မှန်းချက်များအကြား ဆက်စပ်မှုကို ထင်ဟပ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ကလေးများသည် အနာဂတ်၏ခေါင်းဆောင်များသာမက ယနေ့လူ့အဖွဲ့အစည်း၏အရေးပါသူများလည်းဖြစ်ကြသဖြင့် ကလေးများ၏အသံ၊ အမြင်နှင့် ဆန္ဒများကို နားထောင်ပေးရန်နှင့် ၎င်းတို့၏ဘဝနှင့်အနာဂတ်ကို သက်ရောက်မှုရှိစေမည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ပေးရန် အရေးကြီးပါသည်။

၃။ ကမ္ဘာတစ်ဝန်းရှိ ကလေးများစွာသည် ဆင်းရဲနွမ်းပါးမှု၊ အာဟာရချို့တဲ့မှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမမီမှု၊ အကြမ်းဖက်ခံရမှု၊ ခေါင်းပုံဖြတ်ခံရမှု၊ လူကုန်ကူးခံရမှု၊ ကလေးအလုပ်သမားခိုင်းစေမှုနှင့် လျစ်လျူရှုခံရမှု စသည့်အခြေအနေများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည့်အပြင် ဒီဂျစ်တယ်နည်းပညာများကို တလွဲအသုံးချမှုများကြောင့် ကလေးများသည် အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်ခံရခြင်း၊ လိမ်လည်လှည့်ဖြားခံရခြင်း၊ လိင်ပိုင်းဆိုင်ရာအမြင်ထုတ်ခံရခြင်း စသည့်အန္တရာယ်များနှင့်လည်း ရင်ဆိုင်နေကြရပါသည်။

၄။ သို့ဖြစ်ရာ ကလေးများအပေါ် အခွင့်အရေးချိုးဖောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ထိခိုက်လွယ်သောအခြေအနေတွင်ရှိသည့် ကလေးများ၏လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးရန်နှင့် ထိခိုက်နစ်နာသည့် ကလေးများအတွက် သင့်လျော်သောကာကွယ်စောင့်ရှောက်မှုနှင့် ကုစားဖြေရှင်းမှုများရရှိစေရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၅။ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ကလေးများ၏အခွင့်အရေးများကို လေးစားကာကွယ်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း ကော်မရှင်ဥပဒေနှင့်အညီ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်လျက်ရှိရာတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကလေးသူငယ်များ၏အခွင့်အရေးများကို လေးစားကာကွယ်လိုက်နာစေရေး တိုက်တွန်းအကြံပြုခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

၆။ နိုင်ငံ၏အနာဂတ်မျိုးဆက်သစ်များဖြစ်သော ကလေးတိုင်း၏အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် အကောင်းဆုံးအကျိုးစီးပွားကို အလေးထားလျက် လုံခြုံမှုရှိပြီး ခွဲခြားဆက်ဆံမှုကင်းသောပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရေးအတွက် မိဘ၊ အုပ်ထိန်းသူ၊ သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် ကမ္ဘာ့ကလေးများနေ့ကိုဂုဏ်ပြုလျက် ကော်မရှင်က အလေးအနက်တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်



ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း နည်းပညာပိုင်းဆိုင်ရာ ရှင်းလင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၉

ရတနာပုံ ဆိုက်ဘာစီးတီးစီမံကိန်း၌ လုပ်ငန်းဆောင်ရွက်ရန် အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest – EoI) အား ခေါ်ယူခဲ့ရာ လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းယှဉ်ပြိုင်မှုတွင် ပဏာမ ရွေးချယ်ခံထားရသည့် ကုမ္ပဏီများမှ နည်းပညာပိုင်းဆိုင်ရာရှင်းလင်းတင်ပြခြင်းကို ယနေ့တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) နေပြည်တော်၌ ကျင်းပသည်။

ရှင်းလင်းပွဲသို့ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း လုပ်ငန်းဆောင်ရွက်မှု စိစစ်ကြပ်မတ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် တက်ရောက်ဆွေးနွေးသည်။

အဆိုပါ နည်းပညာပိုင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်သွားမည့်အစီအမံများ၊ တိုးချဲ့ရင်းနှီးမြှုပ်နှံသွားမည့် စီမံကိန်းများနှင့် ရေရှည်ဆောင်ရွက်သွားမည့် အစီအမံများ ရှင်းလင်းတင်ပြမှုများအပေါ် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း လုပ်ငန်းဆောင်ရွက်မှု စိစစ်ကြပ်မတ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များက မိမိတို့ကဏ္ဍအလိုက် လိုအပ်ချက်များပြန်လည်ဆွေးနွေးကာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ထည့်သွင်းဆွေးနွေးပြီး မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၌ ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ)နှင့် အပန်းဖြေရိပ်သာတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၌ ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)နှင့် အပန်းဖြေရိပ်သာ(Recreation Centre) တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းများနှင့် အညီ အရည်အသွေးပြည့်မီကောင်းမွန်စွာဖြင့် သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးမြောက်စေရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျောင်းဖွင့်ရက်မတိုင်မီ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး၊ စာသင်ဆောင်များ၊ စာသင်ခုံများ သန့်ရှင်းသပ်ရပ်စေရေး၊ တက္ကသိုလ်ပရဝဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြစေလိုကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်း ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးစဉ် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ရှိ အစည်းအဝေးခန်းမ၌ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံရာ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်၏သမိုင်းကြောင်း၊ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် သင်တန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ အပန်းဖြေရိပ်သာ(Recreation Centre)ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ တက္ကသိုလ်မှခံဦး မိန်းလမ်းဘေးရှိရေဝပ်သောနေရာများ၌ မြေဖို့ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး)၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှုပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့်သာသနာရေးဝန်ကြီး ဦးနေလင်းထွန်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့်သာသနာရေးဝန်ကြီး ဦးနေလင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မာလာဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းအောင်နှင့် ခရိုင်ပညာရေးမှူး ဒေါ်သန္တာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက စာဖတ်ရှုနိုင် မြှင့်တင်ရေးဆိုင်ရာ ပြခန်းများ၊ ဉာဏ်စွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး ဦးနေလင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက စာပေဟောပြောမည့် အမျိုးသားစာပေဆုရှင် စာရေးဆရာကောင်းသန့်ကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုဆွေမျိုးများကို ချီးမြှင့်ပေးအပ်ခဲ့ရာ စာရေးဆရာကောင်းသန့်နှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသကဲ့သို့ အလှူရှင်များ၏ လှူဒါန်းမှုများကို တိုင်းဒေသကြီးဝန်ကြီးနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြသည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားစာပေဆုရှင် စာရေးဆရာ ကောင်းသန့်က စာဖတ်ခြင်းဟာ လူတိုင်းနှင့်ဆိုင်သည် ခေါင်းစဉ်ဖြင့် စာပေဟောပြောခဲ့ပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မာလာဝင်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ဧင်မင်းထိုက်(ပြန်/ဆက်)

အမျိုးသမီးများ၏ ပညာရေး၊ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကိုမြှင့်တင်ပေးခြင်းသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်မှ ၂၂ ရက်အထိ ကျရောက်သော ကမ္ဘာ့စွန့်ဦးတီထွင်သူများရက်သတ္တပတ် ၂၀၂၆ နှင့် နိုဝင်ဘာလ ၁၉ ရက်တွင် ကျရောက်သော အမျိုးသမီးစွန့်ဦးတီထွင်သူများနေ့ ၂၀၂၆ တို့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) က "စွန့်ဦးတီထွင်သူများ အောင်မြင်ရှင်သန်ရာနေရာ (သင့်ဖန်တီးမှုကိုကမ္ဘာကြီးကလိုအပ်နေသည်)" အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Lotte ဟိုတယ်၌ ကျင်းပသည်။

နိုင်ငံအသီးသီးတွင် စွန့်ဦးတီထွင်မှုဆိုင်ရာဆွေးနွေးပွဲများ၊ လေ့ကျင့်သင်ကြားမှုများ၊ စီးပွားရေးချိတ်ဆက်မှုများနှင့် လုပ်ငန်းစတင်မှုဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိရာ ယခုအခမ်းအနားမှ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုနှင့်ချိတ်ဆက်ပြီး မြန်မာနိုင်ငံ၏စွန့်ဦးတီထွင်မှုဂေဟစနစ် ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး အမျိုးသမီးစွန့်ဦးတီထွင်သူများနေ့သည် အမျိုးသမီးများကို စီးပွားရေးလုပ်ငန်းရှင်များအပြင် တီထွင်ဖန်တီးသူများ၊





အလုပ်အကိုင်ဖန်တီးသူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် လူမှုစီးပွားပြောင်းလဲမှုကို ဦးဆောင်သူများအဖြစ် အသိအမှတ်ပြုမြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ ပညာရေး၊ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့်ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကို မြှင့်တင်ပေးခြင်းသည် နိုင်ငံတော်၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များက အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး အထူးသဖြင့် အမျိုးသမီးများဦးဆောင်လုပ်ကိုင်နေသည့်အစားအသောက်ထုတ်လုပ်မှု၊ အထည်အလိပ်၊ လက်မှုထုတ်ကုန်၊ စိုက်ပျိုးရေးထွက်ကုန် တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများသည်ဒေသစီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါကြောင်း ပြောကြားသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ အလုပ်အမှုဆောင်များနှင့် အသင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသမီး စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

ဖလမ်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် မြေထိန်းနံရံတည်ဆောက်ပြီးစီးပြီး ရုံးလုပ်ငန်းများဆောင်ရွက်



ဖလမ်း နိုဝင်ဘာ ၁၉

အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ဖလမ်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် မြေထိန်းနံရံတည်ဆောက်ပြီးစီးပြီး ဆိုလာမီးတပ်ဆင်ထားရှိ၍ ရုံးလုပ်ငန်းများဆောင်ရွက်လျက်ရှိကာ ဝန်ထမ်းအိမ်ရာများ ရာနှုန်းပြည့် ပြုပြင်ပြီးစီးသဖြင့် ဝန်ထမ်းများ အခြေချနေထိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် အတူ ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ထမ်းအိမ်ရာများကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ မှတ်ပုံတင်လာရောက် လျှောက်ထားသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

မြို့နယ်ဦးစီးမှူးရုံးတွင် အသက် ၁၈ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပျက်စီးပျောက်ဆုံးသူများအား မိတ္တူဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းပျက်စီးပျောက်ဆုံးသူများအား မိတ္တူဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေခွဲထွက်၊ ပြောင်းဝင်/ပြောင်းထွက်၊ မွေးတိုး/ သေဆုံးစာရင်းများ ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် စာရင်းစစ်ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှုအား ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ရုံးလုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်လမ်းဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိရုံး အဆောက်အအုံ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှု၊ ဆိုလာမီးများတပ်ဆင်ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးရာ ဝန်ထမ်းအိမ်ရာသည် နှစ် ၁၀၀ ကျော် အဆောက်အအုံဖြစ်သည့်အတွက် မူလလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အာဆီယံအုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များဖိုရမ်နှင့် အာဆီယံမြို့တော်များ၏ အုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နိုဝင်ဘာလ ၁၈ ရက်မှ ၁၉ ရက်အထိကျင်းပသည့် အာဆီယံအုပ်ချုပ်ရေးမှူးများနှင့် မြို့တော်ဝန်များဖိုရမ်နှင့် အာဆီယံမြို့တော်များ၏ အုပ်ချုပ်ရေးမှူးများနှင့် မြို့တော်ဝန်များအစည်းအဝေးများသို့ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဦးကံမြင့်သန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်နှင့် အစည်းအဝေးများသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများ လည်းတက်ရောက်ခဲ့ကြသည်။

ဖိုရမ်၌ Digital Economy and Inclusive Growth ခေါင်းစဉ်ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲတွင် နေပြည်တော်မြို့တော်ဝန်က Speaker အဖြစ် တက်ရောက်ဆွေးနွေးရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ဒီဂျစ်တယ်သို့ အသွင်ကူးပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒီဂျစ်တယ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ အာဆီယံမြို့တော်များအကြား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။



အာဆီယံအုပ်ချုပ်ရေးမှူးများနှင့် မြို့တော်ဝန်များဖိုရမ်ကို အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသည့် နိုင်ငံမှအာဆီယံနိုင်ငံများ၏မြို့တော်များနှင့်မြို့ကြီးများအား ဖိတ်ကြား၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်သည် (၁၃)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

၁၉-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

■ **ကျော်ဖုံးမှအဆက်**

ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံတော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသမီး ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ အမျိုးသား ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိ ဗိုလ်စွဲခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံး



အမျိုးသမီး စပေးဘောဆုရရှိသော ကျောနံပါတ်(၄) အားကစားရေးရာဝန်ကြီးဌာနမှ မယုနန္ဒာ၊ အကောင်းဆုံးအမျိုးသမီး ခုခံဆယ်မဆုရရှိသော ကျောနံပါတ်(၆) ကာကွယ်ရေးဝန်ကြီးဌာနမှ မစံပယ်တင်၊ အကောင်းဆုံးအမျိုးသမီး ပင့်ထောင်ဆုရရှိသော ကျောနံပါတ်(၁) ကာကွယ်ရေးဝန်ကြီးဌာနမှ မနန်းမဉ္ဇူသကလိုင်၊ အကောင်းဆုံးအမျိုးသမီး ရိုက်ခုတ်ဆုရရှိသော ကျောနံပါတ်(၁၇) ပြည်ထဲရေးဝန်ကြီးဌာနမှ မသူဇော်အောင်၊ အကောင်းဆုံးအမျိုးသမီး ပိတ်ဆို့ဆုရရှိသော ကျောနံပါတ်(၁၄) ပြည်ထဲရေးဝန်ကြီးဌာနမှ မနောမလေး၊ အကောင်းဆုံးအမျိုးသားစပေးဘောဆုရရှိသော ကျောနံပါတ်(၁) ပြည်ထဲရေးဝန်ကြီးဌာနမှ မောင်နေလင်းအောင်၊ အကောင်းဆုံးအမျိုးသားခုခံဆယ်မဆုရရှိသော ကျောနံပါတ်(၁၂) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်ခိုင်မင်း၊ အကောင်းဆုံးအမျိုးသားပင့်ထောင်ဆုရရှိသော ကျောနံပါတ်(၃၀) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်စံညွန့်မောင်၊ အကောင်းဆုံးအမျိုးသား ရိုက်ခုတ်ဆုရရှိသော ကျောနံပါတ်(၁၄) အားကစားရေးရာဝန်ကြီးဌာနမှ မောင်ကြယ်စင်ဖြိုး၊ အကောင်းဆုံးအမျိုးသားပိတ်ဆို့ဆု ရရှိသော ကျောနံပါတ်(၉) အားကစားရေးရာဝန်ကြီးဌာနမှ မောင်ရဲလင်းအောင်တို့ကို ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုဖလားနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရရှိသော ကျောနံပါတ်(၁၀) ကာကွယ်ရေးဝန်ကြီးဌာနမှ မခင်ချိုထက်နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသော ကျောနံပါတ်(၈) ကာကွယ်ရေး ဝန်ကြီးဌာနမှ မောင်ရှိန်းသူအောင် တို့အား ဆုဖလားနှင့် ငွေသားဆုတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လည်းကောင်း၊ စတုတ္ထဆုရရှိသော ပညာရေးဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း၊ တတိယဆုရရှိသော အားကစားရေးရာဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသားအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ကလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာန အမျိုးသားအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအမျိုးသမီး အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့်တံခွန်စိုက်ဆုဖလားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသားအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့်တံခွန်စိုက်ဆုဖလားကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲအား အမျိုးသားဘော်လီဘောအသင်း ၁၉ သင်းနှင့် အမျိုးသမီးဘော်လီဘောအသင်းကိုးသင်း ဝင်ရောက်၍ နိုဝင်ဘာလ ၅ ရက်မှ ၁၉ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ(အေရိုးဗစ်) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



စစ်တွေ နိုဝင်ဘာ ၁၉

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် နှစ်သိမ့်ဆုများ ရရှိကြသောအခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)များမှ ပြိုင်ပွဲဝင်ကျောင်းသူများကိုပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဆုများချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ တတိယဆုရရှိသော အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းနှင့်ဒုတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စက်ရုံစုမှ ကျောင်းသူများက အေရိုးဗစ်အကဖြင့်ကပြဖျော်ဖြေကြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က တစ်ဦးချင်းဆုတံဆိပ်နှင့်ဆုငွေများကို ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ပထမဆုရရှိသော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက အေရိုးဗစ်အကဖြင့် ကပြဖျော်ဖြေကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက တစ်ဦးချင်းဆုတံဆိပ်၊ ဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်သည်။

၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံအေရိုးဗစ်ပြိုင်ပွဲကို စစ်တွေမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များမှ ကျောင်းသူများက နိုဝင်ဘာလ ၁၆ ရက်မှ ၁၉ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း အရင်းအမြစ်စုစည်းအသုံးချရေး မဟာဗျူဟာပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရင်းအမြစ် စုစည်းအသုံးချရေးဌာန၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ ဩစတြေးလျနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းကျင်းပသော အရင်းအမြစ်စုစည်းအသုံးချရေးမဟာဗျူဟာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်သံလွင်ဟိုတယ်၌ ကျင်းပသည်။



အဆိုပါဆွေးနွေးပွဲကို အသင်း၏အရင်းအမြစ်များ စနစ်တကျ စုစည်းအသုံးချပြီး လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ ရေရှည်တည်တံ့ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာကို ပြန်လည်သုံးသပ်ရန် ရည်ရွယ်၍ နိုဝင်ဘာလ ၂၀ ရက် အထိ ပြုလုပ်သွားမည်ဖြစ်သည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွှန့်တက်ရောက် အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Program Coordinator Dr. Sara က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ အသင်း၌ဥက္ကဋ္ဌနှင့်အတူ အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့မှ တာဝန်ရှိသူများ၊ မိတ်ဖက်ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည်သည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး (Edutainment)အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်၍ အသိပညာပေးအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်၊ ကျိုက်မရောမြို့ အ-ထ-က ခွဲ (ကျိုက်မရော) တွင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ကို ကော်မရှင်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးက ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါအကြောင်းအရာများကို အခြေခံ၍ အသိပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိအခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

မြန်မာနိုင်ငံဆိုင်ရာ နိကာရာဂွါနိုင်ငံသံအမတ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိကာရာဂွါနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်သံအမတ်ကြီးကို မိမိတို့ ပြည်သူ့လွှတ်တော်က လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပထမဆုံးခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တရားဝင်သံတမန်ဆက်ဆံရေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၆ ရက်မှစ၍ ထူထောင်ခဲ့ကြပြီး နှစ်နိုင်ငံသံရုံးများ အပြန်အလှန်အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြပါကြောင်း ပြောကြားသည်။



ထို့နောက် နိကာရာဂွါသံအမတ်ကြီးက ပြောကြားရာတွင် ယခုလို တွေ့ဆုံခွင့်ရရှိညည့်အတွက်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အစိုးရချင်းပူးပေါင်းဆောင်ရွက်မှုသာမက လွှတ်တော်အချင်းချင်း၊ ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးနှင့် အပြန်အလှန် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်းနှင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားလိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေး ခရီးစဉ်များနှင့် အတွေ့အကြုံ အမြင်ချင်းဖလှယ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မိမိတို့နှစ်နိုင်ငံ၏ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်၏ပြောကြားချက်များကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ယခုမှစတင်ထူထောင်ကြသော်လည်း ကုလသမဂ္ဂ၊ ဘက်မလိုက်အဖွဲ့၊ WTO၊ IPU တို့တွင် အတူပါဝင်ခဲ့ကြသူများဖြစ်၍ မိတ်ဆွေနိုင်ငံများပင်ဖြစ်ကြသည်ဟုဆိုနိုင်ပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ မိမိတို့နိုင်ငံ၏ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ မိမိတို့လွှတ်တော်တွင် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေးအတွက် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ တိုးမြှင့်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ လွှတ်တော်ရေးရာကော်မတီများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် အဆွေတော်၏ကမ်းလှမ်းပြောကြားချက်များကို အထူးကြိုဆိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများစတင်နိုင်ရန်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလို သံတမန်အတွေ့အကြုံကြွယ်ဝသည့် သံအမတ်ကြီး တာဝန်ထမ်းဆောင်နေစဉ်ကာလတွင် မိမိတို့နှစ်နိုင်ငံ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်တစ်ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် အဖွဲ့ဝင်များက မိုင်းပျဉ်းမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်၊ ထို့နောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ဃည်။ ယင်းနောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

အယ်လ်နီညိုဖြစ်စဉ်၏သက်ရောက်မှုများကြောင့် နွေကာလပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကူးစက်ရောဂါများပိုမိုဖြစ်ပွားနိုင်။



၁၉-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"(AKVAN)လမ်းကြောင်းပြမြေပုံ

➡ ရွှေဖုံးမှအဆက်

ရွှေလျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island)၏ အနောက်တက်ရေမိုင် ၄၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့ (Visakhapatnam)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၀၀ မိုင်ခန့်နှင့် ပူရီမြို့ (Puri)၏ တောင်ဘက် ရေမိုင် ၂၉၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ တည်နေရာ၊ ဗဟိုချက်လေဖိအား နှင့်လေတိုက်နှုန်း

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" သည် မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၄ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းခန့် ဖြစ်သည်။

နောက်၃၆နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ဩရိသပြည်နယ်တောင်ပိုင်းတို့ကို နာဆာပူမြို့နှင့် ပူရီမြို့တို့အကြား ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် ယနေ့ နေ့လယ်မှ နိုဝင်ဘာလ ၂၀ ရက်အတွင်းမန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်းကြိုတင်သတိပြုရှောင်ကျဉ်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မလေးရှားနိုင်ငံ တီရန်ဒတ်စက်ပစ်ကွင်းထက်ဝယ် တောက်ပခဲ့သည့် မြန်မာ့တပ်မတော်၏ဂုဏ်ရောင်



ရဲခေါင်

နိုင်ငံတကာဆက်ဆံရေးနှင့် စစ်ဘက်ဆိုင်ရာ သံတမန်ရေးရာနယ်ပယ်တွင် အားကစားသည် ယုံကြည်မှုတည်ဆောက်ရန်အတွက် အကောင်းဆုံးသော ပေါင်းကူးတံတားများအနက် တစ်ခုဖြစ်သည်။ ယခု မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော (၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသည် စစ်ရေးစွမ်းရည်ပြသရုံသက်သက်မျှမဟုတ်ဘဲ ဒေသတွင်း တပ်မတော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကိုပိုမိုခိုင်မာစေသည့်သမိုင်းဝင်ပြိုင်ပွဲကြီးဖြစ်သည်။ စစ်သည်တော်များ၏ ပစ်ခတ်မှုစွမ်းရည်များနှင့်အတူ ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ခိုင်မာသောအုတ်မြစ်များကို စိုက်ထူပေးလျက်ရှိနေသည်။

သမိုင်းကြောင်းနှင့်အစဉ်အလာ

အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (AARM) ကို ၁၉၉၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ် တာဝန်ယူကျင်းပလာခဲ့ကြရာ ယခုအခါ (၃၄) ကြိမ်မြောက်သို့ပင် အောင်မြင်စွာရောက်ရှိလာခဲ့ပြီဖြစ်သည်။ ပြိုင်ပွဲ၏အဓိကရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံတပ်မတော်(ကြည်း)တပ်များအကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုတိုးမြှင့်ရန်နှင့် အတွေ့အကြုံသစ်များကို အပြန်အလှန်ဖလှယ်ရန်ဖြစ်သည်။ ထို့ပြင် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ရေရှည်တည်တံ့သော အပြန်အလှန်ယုံကြည်မှုများကို အားကစားမှတစ်ဆင့် ခိုင်မာစွာတည်ဆောက်ရန် ရည်ရွယ်ထားသည်။

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအနေဖြင့် ၂၀၀၀ ပြည့်နှစ်(၁၀) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲမှစတင်၍ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဖောင်ကြီးနယ်မြေခံတပ်၌ စတင်စုဖွဲ့လေ့ကျင့်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ဗထူးတပ်မြို့သို့ ပြောင်းရွှေ့စုဖွဲ့လေ့ကျင့်၍ ၂၀၁၃ ခုနှစ်မှစတင်ကာ ပြင်ဦးလွင်နယ်မြေခံတပ်၏ တပ်မတော်စက်ပစ်ကွင်းသို့ ပြောင်းရွှေ့စုဖွဲ့ လေ့ကျင့်လျက်ရှိသည်။

အဓိကပြိုင်ပွဲအမျိုးအစားများ

ပြိုင်ပွဲကြီးအတွင်း စစ်သည်တစ်ဦးချင်းစီ၏ ထူးချွန်သောကျွမ်းကျင်မှုနှင့် အဖွဲ့လိုက် ဟန်ချက်ညီမှုကိုစမ်းသပ်သည့် အဓိကပြိုင်ပွဲအမျိုးအစား (၅) မျိုး ပါဝင်ယှဉ်ပြိုင်ကြရသည်။ အဆိုပါပြိုင်ပွဲအမျိုးအစားများတွင် ရိုင်ဖယ် (Rifle)၊ ကာဘိုင် (Carbine) နှင့် ပစ္စတို (အမျိုးသား) ပြိုင်ပွဲတို့ပါဝင်ကြသည်။ ထို့အတူ ပစ္စတို (အမျိုးသမီး) နှင့် စက်သေနတ် (Machine Gun) ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။ ဤပြိုင်ပွဲအမျိုးအစားအသီးသီးမှာ ခေတ်မီစစ်ဆင်ရေးများတွင်လိုအပ်သော တိကျသေချာမှုနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကိုအကောင်းဆုံးစမ်းသပ်ပေးနိုင်သည့် အပိုင်းများဖြစ်ကြသည်။

မြန်မာ့တပ်မတော်အသင်း၏ ကြိုတင်ပြင်ဆင်မှုများ

နိုင်ငံတကာအဆင့် ပြိုင်ပွဲကြီးတွင် နိုင်ငံတော်၏ဂုဏ်ကို အကောင်းဆုံးဆောင်ကြဉ်းနိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ပြိုင်ပွဲမတိုင်မီ လပေါင်းများစွာကတည်းက စနစ်တကျစုဖွဲ့လေ့ကျင့်ခဲ့ကြသည်။ အသင်းသားများအနေဖြင့် နေပူမရှောင်၊ မိုးရွာမရှောင်ဘဲ ပြင်းထန်သော ကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို အစွမ်းကုန်ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။

ခေတ်မီ၍နည်းစနစ်ကျသော ပစ်ခတ်မှုလေ့ကျင့်ခန်းများကို အချိန်ပြည့် လေ့ကျင့်ပြင်ဆင်ခဲ့ကြခြင်းက အသင်း၏စွမ်းဆောင်ရည်ကို များစွာမြှင့်တင်ပေးနိုင်ခဲ့သည်။ ဤကဲ့သို့သော လုံ့လဝီရိယ စိုက်ထုတ်မှုများသည် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အတွက် အကောင်းဆုံးသော အာမခံချက်တစ်ရပ်ပင်ဖြစ်သည်။

သေနတ်ပစ်အားကစားတွင် လက်ကိုင်နည်းစနစ် (Hold control) သာမက ဖိအားများအောက်တွင် စိတ်တည်ငြိမ်မှုထိန်းသိမ်းနိုင်ရေး (Balance and Mental Composure)က အလွန်အရေးကြီးသည်။ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ပြိုင်ပွဲဝင်စဉ် ကြံတွေ့ရမည့် မည်သည့် စိတ်ဖိစီးမှုကိုမဆို ရင်ဆိုင်ကျော်ဖြတ်နိုင်ရန် အထူးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု အပြည့်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရန် အထူးလေ့ကျင့်ခဲ့ကြပြီး အမှားအယွင်း အနည်းဆုံးဖြစ်စေရန် အတွက် ပစ်ခတ်မှုနည်းနာများကို အသေးစိတ်အထိ ပြန်လည်သုံးသပ်ဆွေးနွေးလေ့ရှိကြသည်။ ဤကဲ့သို့ စနစ်တကျပြင်ဆင်လေ့လာမှုများကြောင့် မြန်မာအသင်းသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသော အဆင့်အတန်းတစ်ရပ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

အသင်းသားတိုင်း၏ ရင်ထဲတွင် "ငါတို့ပြိုင်ပွဲဝင် ယှဉ်ပြိုင်သည့် ကျည်တစ်တောင့်စီတိုင်းသည် အမိနိုင်ငံတော်၏ ဂုဏ်သိက္ခာအတွက်ဖြစ်သည်" ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ရှိနေကြသည်။ အဆိုပါ မျိုးချစ်စိတ်ဓာတ်ပြင်းပြမှုကပင် သူတို့၏ပစ်ခတ်မှုတိုင်းကို ပိုမိုတိကျသေချာစေရန် တွန်းအားပေးနေခဲ့သည်။ နိုင်ငံတော်၏အလံကို ပြိုင်ပွဲတွင် လွှင့်ထူနိုင်ရန်အတွက် တစ်ဦးချင်းစီတိုင်းက မိမိတို့၏ အကောင်းဆုံးစွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသခဲ့ကြသည်။ ထိုသို့သော စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်နှင့် ဇွဲလုံ့လတို့က မြန်မာ့တပ်မတော်သားများ၏ မွန်မြတ်သော ဂုဏ်ရည်ကို ဖော်ညွှန်းလျက်ရှိနေသည်။

■ (၃၄) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ပြိုင်ပွဲဝင် အသင်းကောင်းတစ်သင်းအဖြစ် နိုင်ငံတော်နှင့်တပ်မတော်၏ဂုဏ်ဒြပ်ကိုဖော်ညွှန်းပြသနိုင်ခဲ့ပြီဖြစ် . . .

■ အသင်းသားများ၏ မဆုတ်မနစ်သော ဇွဲလုံ့လ၊ ခိုင်မာသည့် စည်းလုံးညီညွတ်မှုနှင့် နိုင်ငံချစ်စိတ်တို့က မြန်မာ့တပ်မတော်၏ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထွန်းလင်းတောက်ပစေခဲ့ပြီဖြစ် . . .

■ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း၏ခြေလှမ်းတိုင်းသည် နောင်အနာဂတ်တွင်လည်း အောင်ပွဲပေါင်းများစွာကို ဆက်လက်ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း . . .

အဓိကြခြင်းကြောင့်သာ အသင်းသားများသည် ပြိုင်ဆိုင်မှုပြင်းထန်သော ပစ်ကွင်းများတွင် အမှားအယွင်းကင်းစွာ ပစ်ခတ်နိုင်ခဲ့ကြခြင်းဖြစ်သည်။ ဤစွမ်းရည်သည် ပြိုင်ပွဲဝင် မြန်မာ့တပ်မတော်သားတို့၏ သတ္တိနှင့်ဇွဲလုံ့လကို ပေါ်လွင်ထင်ရှားစေသော အဓိကအချက်တစ်ချက်ပင်ဖြစ်သည်။

နေ့စဉ်နှင့်အမျှပြုလုပ်ခဲ့ကြသည့် တိကျသေချာသော အလေ့အကျင့်ကောင်းများသည် အသင်း၏ နည်းစနစ်ပိုင်းဆိုင်ရာ စွမ်းရည်များကို အဆင့်အတန်းတစ်ရပ်သို့ ရောက်ရှိစေခဲ့သည်။ ခေတ်မီစစ်လက်နက်

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း၏ အစဉ်အလာကောင်းများ

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် AARM ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဂုဏ်ယူဖွယ်ရာ အစဉ်အလာကောင်းများကို အခိုင်အမာစိုက်ထူနိုင်ခဲ့သည့် အသင်းတစ်သင်းဖြစ်သည်။ ယခင်နှစ်များစွာက ကျင်းပခဲ့သော ပြိုင်ပွဲများတွင်လည်း ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ပေါင်းများစွာကို အကြိမ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ဖူးပြီး မြန်မာ့တပ်မတော်၏ သေနတ်ပစ်စွမ်းရည်မည်မျှထက်မြက်ကြောင်းကို သက်သေပြသနေသည်။ ဤအစဉ်အလာကောင်းများသည် ယခုနှစ် ပြိုင်ပွဲဝင်အသင်းသားသစ်များအတွက် ကြီးမားသောအားမာန်နှင့်စံနမူနာကောင်းများ ဖြစ်လာခဲ့သည်။

ပို၍ဂုဏ်ယူဖွယ်ကောင်းသည်မှာ မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့်သာယှဉ်ပြိုင်လေ့ရှိကြခြင်းဖြစ်သည်။ ပြိုင်ဘက်နိုင်ငံများမှ လာရောက်ယှဉ်ပြိုင်ကြသော စစ်သည်များအပေါ် လေးစားမှုအပြည့်အဝ ပြသခြင်းက မြန်မာ့ယဉ်ကျေးမှုကိုဖော်ညွှန်းနေသည်။ ဤသို့ အားကစားစိတ်ဓာတ်ပြည့်ဝသော အမူအကျင့်ကောင်းများကြောင့် အာဆီယံတပ်မတော်များအကြား တွင် မြန်မာအသင်းသည် အလွန်ပင် လေးစားချစ်ခင်ရသည့် အသင်းတစ်သင်း အဖြစ် ရပ်တည်လျက်ရှိသည်။ အားကစားစင်မြင့်ထက်တွင် ပြိုင်ဘက်ကောင်းများအဖြစ် ယှဉ်ပြိုင်ကြသော်လည်း ပြိုင်ပွဲပြင်ပတွင်မူ ညီရင်းအစ်ကိုကဲ့သို့ ချစ်ကြည်ရင်းနှီးလျက်ရှိကြသည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ရမှတ်ကောင်းများပိုင်ဆိုင်မှု

ယခု မလေးရှားနိုင်ငံ၌ ကျင်းပပြီးစီးခဲ့သည့် (၃၄) ကြိမ်မြောက် ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် အသင်းလိုက်အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု၊ တစ်ဦးချင်းပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ စုစုပေါင်း ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့်လေးနေရာ၌ ရပ်တည်နိုင်သည်အထိ အကောင်းဆုံးလက်စွမ်းပြယှဉ်ပြိုင်နိုင်ခဲ့သည်။ အိမ်ရှင်နိုင်ငံ၏ ရာသီဥတုနှင့်မတူညီသည့် ပစ်ကွင်းအခြေအနေသစ်များကို အမြန်ဆုံးအသားကျအောင်ကြိုးပမ်းခဲ့ကြပြီး အသင်းခေါင်းဆောင်၏ စနစ်တကျကွပ်ကဲမှုနှင့် အသင်းသားများ၏ စုစည်းညီညွတ်မှုတို့က အခက်အခဲ

စာမျက်နှာ ၁၃ သို့ ❑

အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသမဟာထေရ်၏ သက်တော် ၈၀ ပြည့်မွေးနေ့(ပတ္တမြားရတု)အထိမ်းအမှတ် ကုသိုလ်တော်ပွဲအခမ်းအနားကျင်းပ





မန္တလေး နိုဝင်ဘာ ၁၉

ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက (တွဲဖက်ရွှေကျင်သာသနာပိုင်) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသမဟာထေရ်၏သက်တော် ၈၀ ပြည့်မွေးနေ့ (ပတ္တမြားရတု) အထိမ်းအမှတ် ကုသိုလ်တော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ် အဝေရာရာမရန်ကင်းကျောင်းတိုက်ရှိမဟာအတုလဂုဏ်ရည် မန်းရွှေလီကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့နိုဆိုတော်သြဝါဒိစရိယ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရအမျှူးပြုသော နိုင်ငံတော်သြဝါဒိစရိယဆရာတော်ကြီးများ၊ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ ဆရာတော်သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တပည့်သာဝက၊ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ အလှူရှင်များ၊ ဝတ်အသင်းများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်ပရိသတ်အပေါင်းက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဝိဇ္ဇာလင်္ကာရဆရာတော် ဘဒ္ဒန္တကောသလ္လတို့ထံမှ သြဝါဒကထာနှင့်အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သြဒါတသိရီဘိဝံသမဟာထေရ်၏သက်တော် ၈၀ ပြည့်မွေးနေ့ (ပတ္တမြားရတု) အထိမ်းအမှတ် ကုသိုလ်တော်ပွဲနှင့် ကျောင်းတိုက်သာသနာပြု(၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ကုသိုလ်ပွဲနှင့်စပ်လျဉ်း၍ သာသနာပြုဥပတ္ထမ္ဘကအဖွဲ့၏လျှောက်ထားလွှာကို အဝေရာရာမကျောင်းတိုက်နာယက စာချုပ်သဘင်ဂေဟမွန်ဘရိယဘီ-အေ အရှင်သက္ကာစာရကလျှောက်ထားသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရ အမျှူးပြုပြီး နိုင်ငံတော်သြဝါဒိစရိယဆရာတော်ကြီးများ၊ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်၍ ပတ္တမြားရတု ကျင်းပပူဇော်ရေးအဖွဲ့မှတာဝန်ရှိသူထံ နဝကမ္မအလှူတော်ငွေများကို လှူဒါန်းကြသည်။

ဆက်လက်၍သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိသရထံမှ အနုမောဒနာ သြဝါဒကထာကို နာယူကြည်ညိုကာ ရေစက်သွန်းချအမျှအတန်းပေးဝေ၍အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြဝတီ**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု စစ်ဆေး

သံတောင်ကြီး နိုဝင်ဘာ ၁၉

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌မြစ်မ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ဦးစီးအရာရှိဒေါ်နွယ်ဦးမွန်နှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့်စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **မိနန်းလေး**

နေပြည်တော်သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၌ လေးမြွာပူးမွေးဖွားသောမိခင်ကို ထောက်ပံ့ငွေပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၉

နေပြည်တော် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး၌ လေးမြွာပူးကလေး(မ - ၄ ဦး) မွေးဖွားခဲ့သောမိခင်နှင့် မိသားစုကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်သည် ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်နှင့်အတူ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေကျပ် ၁၀ သိန်းပေးအပ်သည်။

အဆိုပါ လေးမြွာပူးကလေးများကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရအုပ်စု အင်ဒိုင်းကျေးရွာနေ ဦးနေလင်းအောင်၏ ဇနီး ဒေါ်ဝိုင်းက အောက်တိုဘာလ ၂၀ ရက်တွင် နေပြည်တော် သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၌ မွေးဖွားခဲ့ခြင်းဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်သည် ဒေါက်တာ ဘဒ္ဒန္တ သြဒါတသိရီဘိဝံသ ထံမှသာဂရဏီယသြဝါဒကထာများကို နာယူကြည်ညိုကြသည်။

ယင်းနောက် အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဒါတသိရီဘိဝံသမဟာထေရ်၏သက်တော် ၈၀ ပြည့်မွေးနေ့ (ပတ္တမြားရတု) အထိမ်းအမှတ် ကုသိုလ်တော်ပွဲနှင့် ကျောင်းတိုက်သာသနာပြု(၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ကုသိုလ်ပွဲနှင့်စပ်လျဉ်း၍ သာသနာပြုဥပတ္ထမ္ဘကအဖွဲ့၏လျှောက်ထားလွှာကို အဝေရာရာမကျောင်းတိုက်နာယက စာချုပ်သဘင်ဂေဟမွန်ဘရိယဘီ-အေ အရှင်သက္ကာစာရကလျှောက်ထားသည်။

ဌာနအနေဖြင့် သုံးမြွာပူးနှင့် အထက်မွေးဖွားသော မိခင်နှင့်ကလေးများ၏အာဟာရဖြည့်စွက်စာကျွေးမွေးနိုင်ရေးအတွက် ထောက်ပံ့ကြေးများကို နှစ်စဉ်ပေးအပ်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်နိုဝင်ဘာလအထိ သုံးမြွာပူးနှင့်အထက်မွေးဖွားသောမိခင် ၁၀ ဦးကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့သွားရောက် စဉ် ပြည်ထောင်စုဝန်ကြီးသည် မွေးကင်းစကလေးဆောင်၌ ကလေးများပြုစုစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများကို ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

❑ **စာမျက်နှာ ၁၂ မှအဆက်**

မှန်သမျှကို ကျော်လွှားနိုင်ရန် အထောက်အကူပြုခဲ့သည်။

ယခုနှစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ထူးချွန်သည့် ရမှတ်ကောင်းများကို ပိုင်ဆိုင်ထားနိုင်ခဲ့ပြီဖြစ်သည်။ ဒိုင်လူကြီးများနှင့် အခြားနိုင်ငံများမှ အသင်းများ၏ အထူးအာရုံစိုက်မှုကိုခံရသည်အထိ တိကျသေချာလှသော ပစ်ခတ်မှုစွမ်းရည်များကို ပြသနိုင်ခဲ့ရာ ဤအောင်မြင်မှုရမှတ်များသည် မြန်မာ့တပ်မတော်၏ စစ်ရေးစွမ်းရည်ပြည့်ဝမှုကို တစ်ဖန် သက်သေပြဆိုနေခြင်းပင် ဖြစ်ပေသည်။

ယခုကဲ့သို့ AARM ပြိုင်ပွဲများတွင် ရရှိခဲ့သောအောင်မြင်မှုများနှင့် အတွေ့အကြုံကောင်းများသည် နောင်လာမည့်မျိုးဆက်သစ်တပ်မတော်သားများအတွက် ကြီးမားသော စံနမူနာကောင်းများ ဖြစ်လာပေမည်။ တပ်မတော်အတွင်းရှိ မျိုးဆက်သစ်စစ်သည်များသည် အောင်ပွဲများကို အတုယူကာ မိမိတို့၏စွမ်းရည်များကို ဆက်လက်မြှင့်တင်သွားကြမည်မှာ မုချပင်ဖြစ်သည်။ အတွေ့အကြုံရင့်ကျက်သောနောင်တော်စစ်သည်များ၏ လမ်းညွှန်မှုနှင့်အတူ နောင်လာမည့် အသင်းသားများကလည်း အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းသွားကြမည်ဖြစ်သည်။ ဤသို့ဖြင့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း၏ ရွှေရောင်သမိုင်းကြောင်းမှာ အစဉ်ထာဝရ ဆက်လက်ရှင်သန်နေမည်ဖြစ်သည်။

ချစ်ကြည်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု

ပြိုင်ပွဲအတွင်း တစ်သင်းနှင့်တစ်သင်း ကျားကုတ်ကျားခဲ ဖွဲနပဲဖြင့် အလျှော့မပေးစတမ်း ယှဉ်ပြိုင်ကြသကဲ့သို့ ပြိုင်ပွဲပြင်ပတွင်လည်း မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည်တက်ကြွစွာပါဝင်လှုပ်ရှားလျက်ရှိသည်။ နိုင်ငံအသီးသီးမှ စစ်ဘက်ဆိုင်ရာကိုယ်စားလှယ်များနှင့် အတွေ့အကြုံချင်း ဖလှယ်ဆွေးနွေးခြင်းများက အပြန်အလှန် နားလည်မှုကို ပိုမိုတိုးပွားစေခဲ့သည်။ ဤသို့သောခင်မင်ရင်းနှီးမှုလုပ်ငန်းစဉ်များသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုလျက်ရှိသည်။

AARM ပြိုင်ပွဲကြီးသည် အာဆီယံနိုင်ငံများ၏တပ်မတော်များအချင်းချင်း ယုံကြည်မှုပိုမိုခိုင်မာစေရန် အကောင်းဆုံးသော အခွင့်အလမ်းကောင်းတစ်ခုကို ဖန်တီးပေးထားသည်။ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ၎င်းအခွင့်အလမ်းကို အကောင်းဆုံးအသုံးချကာ ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်နိုင်ခဲ့ကြသည်။ အခြားနိုင်ငံတပ်မတော်များနှင့် ရင်းနှီးသောဆက်ဆံရေးကို တည်ဆောက်နိုင်ခြင်းက ဒေသတွင်းတည်ငြိမ်ရေးအတွက် ကြီးမားသော အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတကာပြိုင်ပွဲကြီးများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် ရရှိလာသောအောင်မြင်မှုသည် ဆုတံဆိပ်များထက်ပင် ပို၍ ခမ်းနားလေးနက်လှသည်။ အာဆီယံတပ်မတော်များအကြား ထာဝရခိုင်မြဲမည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုဆိုသည့်အဖိုးတန်လက်ဆောင်မွန်ကို အမိနိုင်ငံတော်အတွက် ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်သည်။ မတူကွဲပြားသောနိုင်ငံများမှ စစ်ဆည်တော်များသည်ဤပြိုင်ပွဲကြီးမှတစ်ဆင့် ရင်းနှီးကျွမ်းဝင်သောမိတ်ဆွေကောင်းများ ဖြစ်လာကြသည်။ ဤသည်ပင်လျှင် အာဆီယံအသိုက်အဝန်းတစ်ခုလုံးအတွက် အကြီးမားဆုံးသော အောင်မြင်မှုနှင့် ဂုဏ်ယူစရာရလဒ်ကောင်းတစ်ခုဟုဆိုရပါမည်။

စစ်ဘက်ဆိုင်ရာ အားကစားပြိုင်ပွဲများသည် နိုင်ငံအသီးသီးမှ တပ်မတော်များကို တစ်နေရာတည်းတွင် စုစည်းပေးကာ အပြန်အလှန်နားလည်မှုကို တည်ဆောက်ပေးသည့် မဏ္ဍိုင်ကြီးတစ်ခုဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် အာဆီယံဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အစဉ်အမြဲထိန်းသိမ်းရန် ခိုင်မာသော ဆန္ဒရှိပါကြောင်း ဤပြိုင်ပွဲမှတစ်ဆင့် ထပ်လောင်းပြသနိုင်ခဲ့သည်။ မိတ်ဖက်နိုင်ငံများနှင့်လက်တွဲ၍ ဒေသတွင်းတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ဤကဲ့သို့သော ချစ်ကြည်ရေးလုပ်ငန်းစဉ်များက အထောက်အကူပြုနေမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ယခုကျင်းပပြီးစီးခဲ့သော (၃၄) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ပြိုင်ပွဲဝင်အသင်းကောင်းတစ်သင်းအဖြစ် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ဒြပ်ကို ဖော်ညွှန်းပြသနိုင်ခဲ့ပြီဖြစ်သည်။ အသင်းသားများ၏ မဆုတ်မနစ်သောဇွဲလုံ့လ၊ ခိုင်မာသည့် စည်းလုံးညီညွတ်မှုနှင့် နိုင်ငံချစ်စိတ်တို့က မြန်မာ့တပ်မတော်၏ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထွန်းလင်း တောက်ပစေခဲ့ပြီဖြစ်သည်။ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း၏ခြေလှမ်းတိုင်းသည် နောင်အနာဂတ်တွင်လည်း အောင်ပွဲပေါင်းများစွာကို ဆက်လက်ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။ ။



➢ **ကျော်ဖုံးမှအဆက်**

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ စတင်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ ၁၀ တက်လှေပြိုင်ပွဲ၊ ၈ တက်လှေပြိုင်ပွဲ၊ ၁၆ တက်လှေပြိုင်ပွဲ၊ ၂၀ တက်လှေပြိုင်ပွဲများနှင့် အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ ၁၀ တက်လှေပြိုင်ပွဲ၊ ၈ တက်လှေပြိုင်ပွဲ၊ ၁၆ တက်လှေပြိုင်ပွဲ၊ ၂၀ တက်လှေပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသား+ အမျိုးသမီး မီတာ ၅၀၀ ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ၈ တက်လှေပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၂၈ ဒသမ ၅၃ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၂၉ ဒသမ ၀၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၃၁ ဒသမ ၁၃ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ၊ ၁၀ တက်လှေပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၅ ဒသမ ၄၀ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၅ ဒသမ ၉၃ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၂၄ ဒသမ ၂၇ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၃ ဒသမ ၉၄ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၂၄ ဒသမ ၂၇ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ၊ ၂၀ တက်လှေပြိုင်ပွဲတွင် စံချိန် ၆ မိနစ် ၁၅ ဒသမ ၃၁ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၆ မိနစ် ၁၉ ဒသမ ၀၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၆ မိနစ် ၂၀ ဒသမ ၁၃ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ၊ ၁၆ တက်လှေပြိုင်ပွဲတွင် စံချိန် ၆ မိနစ် ၃၈ ဒသမ ၈၈ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၆ မိနစ် ၄၁ ဒသမ ၂၁ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၆ မိနစ် ၄၄ ဒသမ ၂၀ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယ တို့ကိုလည်းကောင်း ရရှိခဲ့သည်။

အမျိုးသား မီတာ ၅၀၀ ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ၁၀ တက်လှေပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၁ ဒသမ ၃၁ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၃ ဒသမ ၅၁ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၁၈ ဒသမ ၀၂ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၈ ဒသမ ၅၉ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၂၁ ဒသမ ၂၀ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ၊ ၁၆ တက်လှေပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၂၅ ဒသမ ၅၁ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၂၅ ဒသမ ၈၉ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၂၈ ဒသမ ၀၉ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယ တို့ကိုလည်းကောင်း ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နံနက်စာရီခွဲမှစ၍ ရန်ကုန်မြို့အင်းယားကန်ရှိမြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လှေလှော်ပြိုင်ပွဲအမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား+အမျိုးသမီး မီတာ ၂၀၀ ၁၀ တက်လှေပြိုင်ပွဲ၊ အမျိုးသား မီတာ၂၀၀ ၁၀ တက်လှေပြိုင်ပွဲနှင့် အမျိုးသမီး မီတာ ၂၀၀ ၁၀ တက်လှေပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင် ပါကြောင်းနှင့် အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ် လှေလှော်ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်းကိုးသင်း၊ အမျိုးသမီးအသင်း ခုနစ်သင်း၊ စုစုပေါင်းပြိုင်ပွဲဝင်အင်အား ၂၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ မြဝတီ

(၁၉-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ	၁၇,၈၁၇,၀၁၃.၇၀	-	၁၃,၆၆၇,၆၅၀.၁၃	-

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၄၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၅၅	၄၀၉၀	၃၉၆၅	၄၃၃၅	၄၃၆၅	၃၉၈၅	၄၁၁၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၈၅	-	၄၆၁၅	၄၂၅၅	၄၈၆၅	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅	၅၄၉၅	၅၅၂၅	၅၁၄၅	၅၃၃၀	၅၃၀၀	၅၂၉၅	၅၂၀၅	၅၄၃၅
HSD (10 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅		၅၅၂၅	၅၁၄၅	၅၃၃၀	၅၃၀၀	၅၂၉၅	၅၂၀၅	၅၄၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နှစ်စဉ်ဆင်နွှဲ မဟာဘုံကထိန်ပွဲ

- ❖ **တန်ဆောင်မုန်းမှာ ကထိန်ပွဲ**
  ပါဝင်နွှဲစို့ ပျော်ပျော်ရွှင်။
  သာသနာတော် ရှင်ရဟန်း
  ရည်မှန်းလို့ပင်။
  အလှူရှင်တို့ ရွှေဘဝင်
  ကြည်လင်သဒ္ဓါ ပိုမိုကဲ့။
  မြန်ပြည်သားတွေ ပေါင်းစုလို့
  ပြုကြသည့်ပွဲ။
- ❖ **သုံးတန်စေတနာ လွန်ပြတ်သား**
  မြတ်စိတ်ထားနဲ့ လှူကြတာ။
  ပဒေသာပင် လှူပစ္စည်း
  အံ့ချီးဖွယ်ရာ။
  အလှူရှင်တို့ စေတနာ
  မြေကမ္ဘာ သက်သေထား။
  ဝမ်းမြောက်ရွှင်ကြည် စိတ်နှလုံး
  ရွှင်ပြုံးကြအများ။
- ❖ **သာသနာတော်ပြန့်ပွားရေး**
  စောင့်ရှောက်ပေး သံဃာတော်တွေ။
  သက်ရှည်ကျန်းမာ သာသနာအကျိုး
  သယ်ပိုးနိုင်ပါစေ။
  "သံဃသဒေမ" ရည်ရွယ်ကာလေ
  ကောင်းကျိုးတွေ ဝေဖြာတိုး။
  ကထိန်အလှူတော် ကုသိုလ်များ
  စွမ်းအားပြည့်ဖြိုး။
- ❖ **တစ်နှစ်မှာ သည်တစ်လ**
  မြတ်လှတဲ့ လတန်ဆောင်။
  တစ်လမှာ သည်တစ်ရက်
  မပျက်ကွက်ပေါင်။
  လှမ်းကြစို့ ခေမာသောင်
  မြန်ပြည်ထောင် ကထိန်ဆင်နွှဲ။
  အလှူဒါယကာ အလှူဒါယိကာမ
  မြတ်လှသည့်ပွဲ။
- ❖ **နိုင်ငံတော် မဟာဘုံကထိန်ပွဲ**
  နှစ်စဉ်မြဲ စည်ကားစွာ
  ကျင်းပလျက်သာ။
  နိုင်ငံတော်သမ္မတဦးဆောင်ကာ
  စုံလင်စွာ လှူဒါန်းပြု။
  ကောင်းမှုကုသိုလ် အစုစု
  များလူသာခု။ ။

အာကာမောင်မောင်

မြစ်ကြီးနားမြို့နှင့် ဒလမြို့နယ်ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍာတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာယနေ့နံနက်ပိုင်းတွင်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား အဆိုပါမြို့ရှိ အေးစေတီကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တပ်နယ်မှတာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော် ၁၁ ပါးနှင့် ဒေသခံပြည်သူ ၁၃၂ဦးတို့အား အဆိုပါရပ်ကွက်ရှိ အောင်တော် မူကျောင်းတိုက် ၌ အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

⇨ ကျော်ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးသိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၅၅ ဦးတို့ပါဝင်ခဲ့ကြပြီး ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အသင်းလိုက်အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခုနှင့် ကြေးတံဆိပ် ၂ ခု၊ တစ်ဦးချင်းပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂ ခု၊ စုစုပေါင်း ရွှေတံဆိပ် ၃ ခုနှင့် ကြေးတံဆိပ် ၂ ခုတို့ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၄) နေရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပျဉ်းမနားမြို့နယ်ရှိ လမ်းပြကြယ်စင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ သဇင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် စွမ်းပြည့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (သကြားဟင်းအိုး)တို့မှကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များကိုလည်းကောင်း၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို လည်းကောင်း စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင်ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက်ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည် များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိဖြေပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအားပထမဆုဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့်ကျောင်းသား၊ကျောင်းသူများနှင့်ဆရာ၊ဆရာမများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင်ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

“သားတို့အနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကိုလေ့လာခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ သားတို့ အခု စစ်သမိုင်းပြတိုက်ရဲ့ ကြည်း၊ ရေ၊ လေပြခန်းများနဲ့ ပြင်ပပြကွက်များကိုလေ့လာခဲ့ပြီးပါပြီ။ သားတို့အနေနဲ့ ကျောင်းမှာ သမိုင်းဘာသာရပ်တွေကို စာတွေ့အဖြစ်ပဲ သင်ယူခဲ့ရပါတယ်။ အခုလို စာတွေ့လက်တွေ့ပေါင်းစပ်လေ့လာခွင့်ရရှိတဲ့အတွက် နိုင်ငံတော်ရဲ့သမိုင်းကြောင်းဟာရှေးယခင်ကတည်းက အခိုင်အမာတည်ရှိခဲ့တယ်ဆိုတာကို သိမြင်ခဲ့ရပါတယ်။ နိုင်ငံတစ်ခုတိုးတက်ဖို့ဆိုတာ နိုင်ငံတော်ရဲ့နိုင်ငံရေး၊စီးပွားရေး၊ဘာသာရေးနဲ့ ကာကွယ်ရေးစွမ်းအားတွေ ဘက်စုံဟန်ချက်ညီနေမှရမယ်ဆိုတာ လေ့လာခဲ့ရပါတယ်။ တပ်မတော်အတွင်းမှာအသုံးပြုတဲ့ တိုက်လေယာဉ်တွေသင်္ဘောတွေ လက်နက်တွေကို လက်တွေ့ကျကျတွေ့မြင်ခွင့်ရရှိခဲ့ပါတယ်။ အခုလို လေ့လာခွင့်ရရှိအောင် စီမံပေးတဲ့ နိုင်ငံတော်သမ္မတကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါတယ် ခင်ဗျာ” ဟုပြောသည်။

“သမီးတို့အခုပြခန်းတွေအားလုံးကို လေ့လာခဲ့ပြီး ဖြစ်ပါတယ်။ သမီးတို့ကျောင်းမှာ သင်ခဲ့ရတဲ့ စာတွေ့တွေအတိုင်း သမိုင်းထဲက အဖြစ်အပျက်တွေမှာ အသုံးပြုတဲ့ အသုံးအဆောင်ပစ္စည်းတွေကို လေ့လာခွင့်ရရှိခဲ့ပါတယ်။ နိုင်ငံတော်စည်းလုံးညီညွတ်ချိန်တွေမှာ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်ပြီး သာယာခဲ့ပါတယ်ဆိုတာကို ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့က အထင်အရှားပြဆိုထားကြောင်း လေ့လာသိရှိရပါတယ်။ သို့ပေမယ့်လည်း နိုင်ငံတော်အတွင်း စည်းလုံးညီညွတ်မှုမရှိတဲ့အချိန်မှာ ပြည်ပကျူးကျော်စစ်တွေဝင်ရောက်



ပြီး နိုင်ငံတော်ဟာ တိုင်းတစ်ပါးအောက်ကျရောက်ခဲ့ရတယ်ဆိုတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ ရှေးယခင်ကတည်းက တည်ဆောက်လာတဲ့တပ်မတော်ဟာ ယနေ့ခေတ်ကာလမှာ စွမ်းအားမြင့်လက်နက်တွေကို ပိုင်ဆိုင်ပြီး ဆောင်ရွက်နေတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ စစ်ဝန်မိုင်းပြတိုက်ကိုလေ့လာခဲ့ရခြင်းဖြင့် သမီးတို့မသိတာတွေကို ပိုပြီးသိမြင်ခွင့်ရတဲ့အတွက် များစွာသော ဗဟုသုတတွေကို ရရှိစေတဲ့အတွက်မရောက်ဖူးသေးတဲ့သူငယ်ချင်းများကိုလည်း လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်” ဟုပြောသည်။

(၁၀၀)






နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးထံ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသထံ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့်ဇနီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဌေးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး အတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုရှိ၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးအမျှးပြုသော ဧည့်ပရိသတ်များသည် လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါး

❖ **ရှမ်းပြည်နယ်မှ**

၇၁ ဒသမ ၅၇ ရာခိုင်နှုန်းပဲရှိသေးတဲ့အတွက် ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆီဖူလုံမှုတိုးတက်ရေးကိုဆောင်ရွက်ရာမှာ ရည်မှန်းချက်အနေနဲ့ ၂၀၂၆-၂၀၂၇ ခုနှစ် ရှမ်း(တောင်)မှာ ၁၀၇ ဒသမ ၆၁ ရာခိုင်နှုန်း၊ ရှမ်း(မြောက်)မှာ ၅၈ ဒသမ ၆၃ ရာခိုင်နှုန်း ရှမ်း(အရှေ့)မှာ ၃၇ ဒသမ ၅၆ ရာခိုင်နှုန်းနဲ့ ပြည်နယ်အတွက် ၇၄ ဒသမ ၃၁ ရာခိုင်နှုန်းတိုးတက်ထုတ်လုပ်နိုင်အောင်ကြိုးပမ်းဆောင်ရွက်နေပါတယ်”ဟု ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးငြိမ်းထွန်းကပြောသည်။

ရှမ်း(တောင်)၊ ရှမ်း(မြောက်)နှင့် ရှမ်း(အရှေ့)တို့တွင်မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းစေ့၊ ပန်းနှမ်းနှင့် ဆီမုန်လာတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး အဆိုပါဆီထွက်သီးနှံခြောက်မျိုးတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလကုန်ပိုင်းအထိ မြေပဲ ၁၀၅၂၂၂ ဧက၊ နှမ်း ၃၁၇၆၀ ဧကနှင့် နေကြာ ဧက ၁၃၅၄၀ ဖြင့် စုစုပေါင်း ၁၅၀၅၅၂ ဧက စိုက်ပျိုးခဲ့ပြီး ၁၀၉၄၈၄ ဧက ရိတ်သိမ်းခဲ့သည်။

စားသုံးဆီဖူလုံမှုတိုးတက်လာစေရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်၌ တောင်ကြီး၊ ညောင်ရွှေနှင့် ပင်းတယ မြို့နယ်တို့တွင် ဆီထွက်သီးနှံအထူးဇုန်များ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ခုနှစ်၌ မြေပဲနှင့်နေကြာသီးနှံ ၂၂၄၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ၂၀၂၆-၂၀၂၇ ခုနှစ်၌ ဆီထွက်သီးနှံအထူးဇုန်များကို တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယ၊ လင်းခေးနှင့် မိုင်းတုံမြို့နယ်တို့၌ မြေပဲ၊ နှမ်း၊ နေကြာ ၂၄၅၇၉ ဧက စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

ဆီထွက်သီးနှံတိုးမြှင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရှမ်း(တောင်)နှင့် ရှမ်း(အရှေ့)၌ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်ဇကများ အတွက် စပါး၊ နေကြာ၊ မြေပဲနှင့်ပဲပုပ် စိုက်မျိုးထုတ်လုပ်နိုင်ရန် ၂၀၂၆-၂၀၂၇ ခုနှစ်၌ တစ်ဧကလျှင် ယူရီးယား ဓာတ်မြေဩဇာ တစ်အိတ်၊ ကွန်ပေါင်း ဓာတ်မြေဩဇာတစ်အိတ်နှင့် သဘာဝ ဓာတ်မြေဩဇာ လေးအိတ်နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)

သီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော်ကောင်စီနယ်မြေ၊ဥတ္တရသီရိမြို့နယ်၊ရာဇာဓိရာဇသာမဏေကျော် ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တတေဇောဘာသထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်ဒုတိယသမ္မတဦးညီစောနှင့်ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက နေပြည်တော်ကောင်စီနယ်မြေ၊ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသ ထံလည်းကောင်း ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဝင်၊ တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော်မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညနှင့် နိုင်ငံတော်အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ တိသ တို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၈ ပင်၊ တန်ဖိုးငွေကျပ် ၁၀၄၆ သိန်းကျော်နှင့် လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၆၇၁ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၇၁၇ သိန်းသတင်းရရှိကြောင်း မြဝတီ



သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

❖ ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ပဒေသာပင် ၄၈ ပင်၊ တန်ဖိုးငွေကျပ် ၁၀၄၆ သိန်းကျော်နှင့် လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၆၇၁ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၇၁၇ သိန်းကျော်ဖြစ် . . .



ဆရာတော်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ကထိန် သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

➲ ရှေ့ဖုံးမှအဆက်

မော်လမြိုင်လမ်းကြောင်းများပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အများပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် လိုအပ်သည့် စက်သုံးဆီများကို အမြန်ဖြည့်တင်းရောင်းချပေးနိုင်ရန် စက်သုံးဆီတင်ယာဉ်များဖြင့် တစ်နိုင်ငံလုံးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်ဖြည့်တင်းထားရှိပြီးဖြစ်သည့်အပြင် အရန်ဆီများ ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်သည်။

အများပြည်သူတို့အနေဖြင့် စက်သုံးဆီများကိုမြို့ကြီးများနှင့်ခရီးလမ်းတစ်လျှောက်တွင် သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း ဝယ်ယူသုံးစွဲနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဧလေဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုအပ်ပါသည်။

(မိုး/ဧလ)

▲ ကျောဖုံးမှအဆက်

ချီတက်တိုက်ခိုက်ချေမှုန်းလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီး ထီးကလာချောင်း ဝန်းကျင်တစ်ဝိုက်ရှိ CRPH၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနအပါအဝင် အကြမ်းဖက် သောင်းကျန်းသူများ၏ ယာယီအခြေပြုစခန်း ၁၁ ခုကို တိုက်ခိုက်သိမ်းပိုက်ပြီး လက်နက်/ခဲယမ်းအများအပြားကို သိမ်းဆည်းရရှိခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများအတွင်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခိုအောင်းနေထိုင်နိုင်မှုမရှိစေရေးအတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ စနစ်တကျဆောင်ရွက်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၉ ရက်တွင် သိမ်ဖြူရပ်မြို့၏ အရှေ့မြောက်ဘက် ထီးကလာချောင်းအနီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့်စခန်း ၂ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၀ ရက်တွင် သိမ်ဖြူရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ထီးချောင်းအနီး KNLA တပ်မဟာ(၁)၊ ရင်း(၃) အပါအဝင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၂ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၂ ရက်တွင် သိမ်ဖြူရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ထီးချောင်းအနီးတွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့်စခန်း ၂ ခုအားလည်းကောင်း၊ နိုဝင်ဘာလ ၁၂ ရက်တွင် သိမ်ဖြူရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ကတ်ရွာအနီးတွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် **စာမျက်နှာ ၁၉ သို့** ▲



တပ်မတော်စစ်ကြောင်းများက သိမ်ဖြူရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများအား ထပ်မံ၍သိမ်းပိုက်ရရှိမှု။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းများ၊ ဗုံးသီးများ၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ခိုအောင်းဆေးကုသနေသည့်နေရာနှင့် ဆက်စပ်ပစ္စည်းများ။



အကြမ်းဖက်သောင်းကျန်းသူများ၏ ခိုအောင်းဆေးကုသနေသည့်နေရာမှ သိမ်းပိုက်ရရှိသည့် ဆေးဝါးများနှင့်ဆေးပစ္စည်းများ။





အကြမ်းဖက်သောင်းကျန်းသူများ၏ ခိုအောင်းဆေးကုသနေသည့်နေရာမှ သိမ်းပိုက်ရရှိသည့်ဆေးဝါးများနှင့် ဆေးပစ္စည်းများ။






အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် Drone များ၊ ကျည်ကာအင်္ကျီ၊ ကျည်ကာဦးထုပ်များနှင့်အခြားပစ္စည်းများ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်၍ စစ်စခန်းအဖြစ်အသုံးပြုနေသည့် ကျေးရွာများအား သိမ်းပိုက်ရရှိမှု။





အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် အကြမ်းဖက်လုပ်ဆောင်ရာတွင် အသုံးပြုသည့်ကားများနှင့် ဒေသန္တရလုပ်ကားအား တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်၍ စစ်စခန်းအဖြစ် အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာအားပြန်လည်တိုက်ခိုက်သိမ်းပိုက်မှု။





အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ဗုံးသီးများ၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။

၃ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်၍ စစ်စခန်းအဖြစ်အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာအားလည်းကောင်း အသီးသီးသိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ဦးတည်ရာမဲ့ဖရိုဖရဲဆုတ်ခွာထွက်ပြေးရာနောက်သို့ အောင်မြေခဲ့ထက်ကြပ်လိုက်လံချေမှုန်းတိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၁၉ ရက်၊ ယနေ့တွင်ချောင်းစောက်ရွာအနီး ဝန်းကျင်တစ်ဝိုက်၌ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၂ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် သိမ်ဖြေရပ်မြို့၏ အရှေ့တောင်ဘက်ချောင်းစောက်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခိုအောင်းဆေးကုသနေသည့်နေရာ ၂ ခုအားလည်းကောင်း၊ နိုဝင်ဘာလ ၂ ရက်တွင် သိမ်ဖြေရပ်မြို့၏ အရှေ့ဘက်နှင့်အရှေ့တောင်ဘက်ရှိ နတ်စင်ရွာနှင့် ကျောက်ဖျာရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၃ ခုအားလည်းကောင်း၊ နိုဝင်ဘာလ ၁၀ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်၍ စစ်စခန်းအဖြစ်အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာအားလည်းကောင်း အသီးသီးသိမ်းပိုက်ရရှိခဲ့သည်။


▲ စာမျက်နှာ ၁၈ မှ









တပ်မတော်စစ်ကြောင်းများက သိမ်ဖြေရပ်–ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏အခြေပြုစခန်းများအား သိမ်းပိုက်ရရှိမှု။

၃ ခုအား ထပ်မံ၍ တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုစခန်းများအား တိုက်ခိုက်သိမ်းပိုက်နိုင်ရေးဆောင်ရွက်ခဲ့ရာ ထိတွေ့တိုက်ပွဲ ၁၃ ကြိမ်ဖြစ်ပွားခဲ့ပြီး KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏စခန်း ၁၇ ခုတို့အား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အကြမ်းဖက်ခေါင်းဆောင် ၂ ဦးအပါအဝင် အလောင်း ၇ လောင်း၊ လက်နက်မျိုးစုံ ၃၇ လက်၊ ကျည်မျိုးစုံ ၈၃၄၅ တောင့်၊

စာမျက်နှာ ၂၀ သို့ ▲

တိုင်းဒေသကြီးအတွင်း ကြဲခင်းစနစ်ပပျောက်ရေးကို မြေပြင်အထိ ကွင်းဆင်းဆောင်ရွက်သွားရန် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား



ပုသိမ် နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြဲခင်းစနစ် ပပျောက်ရေးကို တောင်သူများလိုက်ပါဆောင်ရွက်နိုင်ရေးအတွက် မြေပြင်အထိ ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအဖွဲ့များအနေဖြင့် ကွင်းဆင်းဆောင်ရွက်သွားရန် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်ကယနေ့ နံနက်ပိုင်းတွင် ရေကြည်မြို့နယ်အားကစားခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအဖွဲ့များ၊ တောင်သူများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြဲခင်းစနစ် ပပျောက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်မှုလယ်ယာစနစ်ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ ကောက်စိုက်စက်(Drum Seeder) နှင့် လက်ဆွဲကောက်စိုက်စက်များ အသုံးပြုမှုတိုးမြှင့်နိုင်ရေး၊ စိုက်ပျိုးမြေဧရိယာများ မှန်ကန်တိကျစွာ စာရင်းပြုစုနိုင်ရေး၊ အမှန်တကယ် စိုက်ပျိုးသည့်ဧကနှင့် သီးနှံအမျိုးအစားများကိုကြည့်မှုရှိစေရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးတို့ကို ဆွေးနွေးကြပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တောင်သူများကို ခတ်မြေဩများ ရည်ညွှန်းစေးနှုန်းဖြင့် ရောင်းချပေးနေမှုနှင့် ခြောက်တန်းသွားကောက်စိုက်စက်၊ Drum Seeder နှင့် လက်ဆွဲကောက်စိုက်စက်များကို ကြည့်ရှုအားပေးသည်။

ထို့အတူ ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စိမ်းလဲ့ရေကြည်ခန်းမ၌ ရေကြည်မြို့နယ်အတွင်းမှ ရေဘေးသင့်ခဲ့သောအိမ်ထောင်စုများကို သက်သာသောစွေးနှုန်းဖြင့် စားသုံးဆီများ ရောင်းချပေးနေမှုကိုလည်းကောင်း၊ ငါးသိုင်းချောင်းမြို့ မယင်းကူးကျေးရွာအုပ်စုအတွင်း ရေကြီးနစ်မြုပ်လယ်မြေများတွင် နိုင်ငံတော်မှ မျိုး၊ သွင်းအားစု၊ စက်သုံးဆီများ အခမဲ့ထောက်ပံ့ထွန်ယက်ပေးခဲ့ပြီး တစ်ဆက်တစ်စပ်တည်း စပါးစိုက်ဧက ၁၃၅၇ ဧကပြန်လည် စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ကညင်သောင်းကျေးရွာအုပ်စု နဂျိကုန်းကျေးရွာ၌ မိုးစပါး ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများတွင် စပါးပြန်လည်စိုက်ပျိုးထောက်ပံ့ပေးအပ်ကာ လေးမျက်နှာမြို့နယ်အတွင်းမှ ရေဘေးသင့်ခဲ့သောအိမ်ထောင်စုများကို စားသုံးဆီများ သက်သာသောစွေးနှုန်းဖြင့် ရောင်းချပေးနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)











တပ်မတော်စစ်ကြောင်းများက သိမ်ဖရပ်–ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိမှု။



▲ စာမျက်နှာ ၁၉ မှ

ကျည်အိမ်မျိုးစုံ ၆၃ ခု၊ ဗုံးသီးမျိုးစုံ ၃၃၃ လုံး၊ မိုင်းမျိုးစုံ ၁၁၃ လုံး၊ ဆက်စပ်ပစ္စည်းမျိုးစုံ ၂၁၅၈ ခု၊ 4x4 မော်တော်ယာဉ် ၂ စီး၊ ဒေသန္တရလုပ်မော်တော်ယာဉ် ၁ စီး၊ သောင်းကျန်းသူများ၏ ပြောက်ကျားဝတ်စုံများ၊ ကျည်ကာအင်္ကျီ/ဦးထုပ်များ၊ လူနေတဲများ၊ ဆက်သွယ်ရေးစက်များ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ ကွန်ပျူတာအပါအဝင် ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ ရိက္ခာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့်အခြားအသုံးအဆောင်ပစ္စည်းအများအပြားထပ်မံသိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများ၏ ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းဟူသည့်ဆောင်ပုဒ်ခိုင်နှင့်အညီ စွန့်လွှတ်စွန့်စားစွာ ဟန်ချက်ညီညီချေမှုန်းတိုက်ခိုက်မှုများကြောင့်အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်ဆုံးရှုံးမှုများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများက အဆိုပါကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုခိုအောင်းနေထိုင်ရာနေရာများအား တိုက်ခိုက်ချေမှုန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် နိုဝင်ဘာလ ၃ ရက်မှ ယနေ့ထိ အကြမ်းဖက်သောင်းကျန်းသူများနှင့် စုစုပေါင်း တိုက်ပွဲကြိမ်/ငယ် ၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး CRPH၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏အထူးတိုင်းစစ်ဌာနအပါအဝင် KNU၊ KNLA စခန်း ၂၈ ခုကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အကြမ်းဖက်ခေါင်းဆောင် ၂ ဦးအပါအဝင် အလောင်း ၇ လောင်း၊ လက်နက်မျိုးစုံ ၁၃၄ လက်၊ ကျည်မျိုးစုံ ၁၃၇၁၉ တောင့်၊ မိုင်းမျိုးစုံ၊ ဗုံးသီးအမြောက်အခြားနှင့် အခြားဆက်စပ်ပစ္စည်းပေါင်းများစွာ သိမ်းဆည်းရမိခဲ့သည်။

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝဲခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် မွန်ပြည်နယ်၊ သိမ်ဖရပ်–ကျိုက်ထိုဒေသနှင့် ပဲခူးတိုင်းဒေသကြီးနယ်မြေအစပ်တို့ရှိသွားလာရေးခက်ခဲသောတောတောင်များအတွင်း ယာယီအခြေပြုခိုအောင်းနေထိုင်၍ တရားဥပဒေမဲ့မသမာသောနည်းလမ်းမျိုးစုံမှရရှိလာသော အကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် အသုံးပြုမည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး လက်နက်အားကိုးဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား အနိုင်ကျင့်ဗိုလ်ကျကာ ကျေးရွာများအတွင်းနှင့် အနီးဝန်းကျင်တို့တွင် ယာယီအခြေပြုစခန်းများ တည်ဆောက်နေထိုင်ခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများတည်ဆောက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသောကျေးရွာများမှ ရဟန်းသံဃာများ၊ ဒေသခံပြည်သူများနှင့် သစ္စာရှိခိုင်ဝန်ထမ်းများအား ဒဂန်ခေါင်းစဉ်တပ်ကာ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ ကုန်တင်ကားများနှင့် ခရီးသွားမော်တော်ယာဉ်များအား ဆက်ကြေးကောက်ခံခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများအား မိုင်းထောင်ခြင်း၊ လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသတို့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံဖြင့်နှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအား မည်သည့် ဒေသတွင်မျှ အခြေချခိုအောင်းနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH DAILY EDITION

Government of the Republic of the Union of Myanmar holds Kathina robe-offering ceremony for 2026





President U Min Aung Hlaing offers meal to Maravijaya Naungdawgyi Buddha Image.

NAY PYI TAW November 19


The Government of the Republic of the Union of Myanmar held a Kathina robe-offering ceremony for 2026 at the Agga Dipati Sasana Beikmandaw in the premises of the Buddha Park of the Maravijaya Buddha Image, Dekkhinathiri Township, Nay Pyi Taw, Union Territory this morning. President of the Republic of the Union of Myanmar U Min Aung Hlaing and his wife Daw Kyu Kyu Hla attended the ceremony and donated Kathina robes and Kathina offertories.

Present at the ceremony to pay respects to 27 invited venerable Sayadaws led by Chairman of State Sangha Maha Nayaka Committee (SSMNC) Chief Patron of Thanlyin Minkyaung Pathamabyan religious school Sayadaw Abhidhaja Maha Rattha Guru Agga Maha Saddhamma Jotikadhaja Dr. Bhaddanta Candiama Bhivamsa and Secretary of SSMNC Chief Patron of Masoeyein Taikthit Monastery Sayadaw of Dhamma Thamaindi Pariyati School Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa together with the President and wife were Vice President U Nyo Saw and wife Daw San San Aye, Vice President Daw Nan Ni Ni Aye, Speaker of Pyithu Hluttaw U Khin Yi and wife, Speaker of Amyotha Hluttaw U Aung Lin Dway and wife, Union Chief Justice U Tha Htay, Commander-in-Chief of Defence Services General Ye Win Oo and wife, union level dignitaries, union ministers and wives,


SEE PAGE - 22



President U Min Aung Hlaing and wife Daw Kyu Kyu Hla present Kathina robes and Kathina offertories to a Sayadaw.



Union Chief Justice U Tha Htay presents Kathina robes and Kathina offertories to a Sayadaw.



Chairman of Union Election Commission U Than Soe presents Kathina robes and Kathina offertories to a Sayadaw.



Chairman of the Constitutional Tribunal U Aung Zaw Thein and wife present Kathina robes and Kathina offertories to a Sayadaw.

FROM PAGE - 21

senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander and officials.

First, the President paid homage to Maravijaya Naungdawgyi Buddha Image in the Agga Dipati Sasana Beikmandaw and offered a meal in the Emerald Bowl, fruits, flowers, water and oil lamps.

The congregation led by the President and wife observed the decorated stands displayed and prepared for offering.

The congregation opened the ceremony by reciting Namo Tassa three times. The SSMNC Chairman Sayadaw administered the Nine Precepts, followed by the recitation of suttas by the Sayadaws.

President U Min Aung Hlaing and wife Daw Kyu Kyu Hla presented Kathina robes and offertories to the SSMNC Chairman Sayadaw and Sayadaw Bhaddanta Tejobhasa of Razadhani Thamanaykyaw monastery, Ottarathiri Township, Nay Pyi Taw Council Area, the Kathina recipient monastery.

Vice President U Nyo Saw and wife presented Kathina robes and offertories to the SSMNC Secretary Sayadaw, and Vice President Daw Nan Ni Ni Aye to Sayadaw Abhidhaja Maha Rattha Guru Bhaddanta Adiccavamsa of Waegyi Pariyatti School in Pobbathiri Township, Nay Pyi Taw Council Area.

The Pyithu Hluttaw Speaker and wife, the Amyotha Hluttaw Speaker and wife, the Union Chief Justice, the Commander-in-Chief of Defence Services and wife, union level dignitaries, and union ministers donated Kathina robes and offertories to Sayadaws.

The President and wife and the congregation reverently listened to the Dhamma questions and answers on Kahtein of Section Head Sayadaw Maha Ganthavacaka Pandita Bhaddanta Kontinna of Ngwetaung Tawya Monastery in Tatkon and State Ovadacariya Sayadaw Agga Maha Ganthavacaka Pandita Bhaddantissa of Ohndaw Monastery in Pyinmana.

The President and wife and the congregation meditated on Kahtein Anumodana delivered by Sayadaw of Dhamma Thamaindi Monastery and shared the merits gained.

The ceremony concluded with the recitation of Buddha Sasanam Ciram Tithatu three times. The President and wife and the congregation offered a day meal to Sayadaws led by the SSMNC Chairman Sayadaw.

At the Kathina robe-offering ceremony for 2026 of the Government of the Republic of the Union of Myanmar, 48 donation stands worth over Ks-104.6 million and donation in cash worth over Ks-167.1 million, totalling over Ks-271.7 million were donated.

Myawady

BIMSTEC Secretary-General pays a courtesy call on President U Min Aung Hlaing

NAY PYI TAW November 19

H.E. Mr. Indra Mani Pandey, Secretary-General of BIMSTEC, paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

Also present at the meeting with the President were Union Minister at the Office of the President U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe and officials, while the BIMSTEC Secretary-General was accompanied by officials.

During the meeting, they cordially and openly exchanged views on matters relating to BIMSTEC, which promotes effective cooperation among its member states without political interference in one another's internal affairs, and Myanmar's full cooperation with the organization. They also discussed Myanmar's assumption of the responsibility of BIMSTEC Secretary-General in the near future and its commitment to making every effort to fulfil the duties to the best of its ability; the need for BIMSTEC member states to cooperate in supporting the development of its landlocked member countries, Nepal and Bhutan, as well as their disaster preparedness, prevention, relief and rescue efforts; preparations for the upcoming celebration of the 30th Anniversary of the establishment of BIMSTEC; and ways to further strengthen relations and promote closer interactions and exchanges among the governments and peoples of BIMSTEC member states.



President U Min Aung Hlaing receives H.E. Mr. Indra Mani Pandey, Secretary-General of BIMSTEC.

Myawady

Vice President U Nyo Saw receives Ambassador of Sri Lanka to the Republic of the Union of Myanmar H.E. Ms. Prabashini Ponnamperuma



Vice President U Nyo Saw receives Ambassador of Sri Lanka H.E. Ms. Prabashini Ponnamperuma.

NAY PYI TAW November 19

Vice President U Nyo Saw received Ambassador of Sri Lanka to the Republic of the Union of Myanmar H.E. Ms. Prabashini Ponnamperuma at the Credentials Hall of the Office of the President in Nay Pyi Taw at 2:00 pm today.

During the meeting, they cordially and candidly exchanged views on the status of ongoing efforts for economic development, further strengthening existing bilateral relations between Myanmar and Sri Lanka, and prospects for cooperation in trade and investment, religious affairs and culture, tourism, the air transport sector, and the defence sector between the two countries.

Also present at the meeting together with the Vice President were Deputy Minister for the Office of the President U Khin Latt, Deputy Minister for Foreign Affairs U Ko Ko Kyaw, and officials.


Myawady

Tatmadaw captures additional temporary camps of combined terrorist groups along Mon State and Bago Region border; a total of 28 camps captured, including Special Regional Military Headquarters of CRPH and NUG terrorists

NAY PYI TAW November 19

Tatmadaw columns have been systematically advancing to attack and clear out temporary bases and hideouts occupied by combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and their subordinate so-called PDF terrorists—who have been taking shelter and carrying out destructive acts within Kyaikhto Township and Shwegyin Township along the border of Mon State and Bago Region. Previously, news was released that Tatmadaw columns attacked and captured 11 temporary insurgent camps, including the Special Regional Military Headquarters of the CRPH and NUG terrorist insurgents, in the vicinity of Hteekalar Creek near Point 480 Hill in Shwegyin Township, Bago Region, seizing a large quantity of weapons and ammunition.

Subsequently, to ensure that combined terrorist insurgent groups could no longer take shelter or reside in these areas, Tatmadaw columns systematically carried out necessary preparations and troop formations, working diligently on regional security operations with the cooperation of local residents.



Tatmadaw columns capturing additional camps of combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and so-called PDF's—in the Theinzayat-Kyaikhto and Shwegyin areas.

Through these efforts, they attacked and captured two temporary camps occupied by combined terrorist insurgent groups near Hteekalar Creek, northeast of Theinzayat Town, on November 9; two temporary camps occupied by combined terrorist insurgent groups, including KNLA Brigade (1), Battalion (3), near Kawthtee Creek, northeast of Theinzayat Town, on November 10; two temporary camps occupied by combined terrorist insurgent groups near Kawtkalaw Creek, northeast of Theinzayat Town, on November 12;

SEE PAGE - 24 ●●



Medicines and medical supplies seized from the terrorist insurgents' hideout used for medical treatment.



Weapons, ammunition, mines, and related accessories seized from the terrorist insurgents.



Weapons, ammunition, grenades, mines, and related accessories seized from the terrorist insurgents.



Weapons, ammunition, grenades, mines, and related accessories seized from the terrorist insurgents.

●● FROM PAGE - 23

two temporary camps occupied by combined terrorist insurgent groups near Kawthtee Creek, northeast of Theinzayat Town, on November 13; one temporary camp occupied by combined terrorist insurgent groups near Kawkat Village, northeast of Theinzayat Town, on November 15; three temporary camps occupied by combined terrorist insurgent groups in the vicinity of Nat Sin Village and Kyauk Phya Village, east and southeast of Theinzayat Town, on November 16; one hideout used for medical treatment by combined terrorist insurgent groups near Chaungsauk Village, southeast of Theinzayat Town, on November 17; and Chaungsauk Village itself on November 18, which the terrorist insurgents had forcibly entered at gunpoint to use as a military camp and main base of operations for carrying out destructive activities. Continuing their operations, Tatmadaw columns expanded their territorial gains and relentlessly pursued the terrorist insurgents who were retreating and fleeing in disarray without direction, attacking and capturing an additional three temporary camps occupied by combined terrorist insurgent groups in the vicinity of Chaungsauk Village today, November 19.

During these operations to capture the temporary camps of the combined terrorist insurgent groups, 13 engagements took place, resulting in the capture of 17 camps belonging to the combined groups of KNU, KNLA, CRPH, NUG, and so-called PDF terrorist insurgents. From the insurgents, Tatmadaw columns seized 7 dead bodies (including two terrorist leaders), 37 assorted weapons, 8,345 rounds of assorted ammunition, 63 assorted magazines, 363 assorted grenades/shells, 113 assorted mines, 2,158 assorted accessories, two 4x4 motor vehicles, one locally made motor vehicle, insurgent camouflage uniforms, bullet-proof vests/helmets, living tents, communication radios, firing trenches, bunkers, office equipment including computers, accessories used for terrorist bombings and destruction, rations, medical supplies, and many other utility items. It is reported that due to the courageous, sacrificial, and coordinated offensive operations of the Tatmadaw columns—in accordance with their motto "Advance Bravely, Attack Bravely, Annihilate Bravely"—the combined terrorist insurgent groups suffered heavy casualties and losses and fled in disarray.

Overall, during the Tatmadaw columns' efforts to attack and clear out the temporary bases of the combined terrorist insurgent groups committing destructive acts in Kyaikhto and Shwegyin townships from November 3 to today, a total of 18 major and minor clashes occurred. Tatmadaw forces successfully attacked and captured 28 KNU and KNLA camps, including the Special Regional Military Headquarters of the CRPH and NUG terrorist insurgents, seizing 7 dead bodies (including two terrorist leaders), 134 assorted weapons, 13,719 rounds of assorted ammunition, and a vast quantity of assorted mines, grenades/shells, and other related equipment.

The combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and their subordinate so-called PDF's—have been taking temporary shelter in hard-to-reach forests and mountains along the border of the Theinzayat-Kyaikhto area in Mon State and Bago Region. Using profits gained from various unlawful and illicit means, they have been purchasing and stockpiling weapons, ammunition, and explosives to commit destructive acts. Relying on armed force, they have been bullying and oppressing local ethnic residents by constructing temporary camps inside and around villages, building sandbag bunkers in local residents' homes, religious buildings, and schools, extorting money, recruiting new members, labeling Buddhist monks, local residents, and loyal civil servants in villages that do not support them as dalan (informants) and arresting, torturing, and murdering them, extorting money from cargo trucks and passenger vehicles, and planting mines along communication routes and blowing up roads and bridges, among various other acts of terrorism.

Therefore, it is reported that the Tatmadaw is continuing to intensify necessary regional security operations, with the cooperation of local residents, to ensure that armed terrorist insurgents—who are disrupting and destroying national peace, stability, and regional development through various means—cannot establish bases, take shelter, or carry out terrorist acts in any region.

100

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

NAY PYI TAW November 19

As the government has systematically carried out complete and systematic demolition of illegal buildings in Shwe Kokko, where most online scams and gambling were operated, so that they cannot be used again for such crimes, the dismantling of two 5-storey illegal buildings under mechanical demolition among those left for destruction in Shwe Kokko (Part-II) completed up to 70 percent and 10 percent respectively today.

A total of 63 buildings used in online scams and gambling and left for dismantling in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and manual dismantling floor by floor due to their proximity to residences based on their types and systematic demolition works were being carried out. A total of 12 buildings including four scheduled for detonation and eight for mechanical demolition have been knocked down and plans are underway to systematically demolish the remaining 51 buildings.



Ongoing systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

In cooperation with neighbouring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socio-economic arena and national security.

100

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ချမ်းအေးသာစံမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၁၉

မျိုးဆက်သစ် ကျောင်းသား လူငယ်များအသိပညာဗဟုသုတ များကြွယ်ဝစေရန်၊ လူငယ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာ များ သိရှိနားလည်စေရန်အတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ လူငယ်စကားဝိုင်းဆွေးနွေး ပွဲကို အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာမြင့်မိုရ် ခန်းမ၌ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဈေးဦးစွာကျောင်းအုပ်ဆရာမကြီး ဒေါက်တာညီညီတင်က အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ၏ရည်ရွယ်ချက်များအား ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်း ကျင်းပရာ Grade-11 ကျောင်းသား မောင်အောင်မျိုးကျော်က လူငယ် နှင့်အားလပ်ချိန်အသုံးချမှု၊ Grade-11 ကျောင်းသူ မဆုဝေသဇင်က လူငယ်နှင့်ဗဟလငါးတန်ဖွံ့ဖြိုးတိုးတက် ရေး၊ Grade-10 ကျောင်းသား မောင်ထိန်လင်းအောင်က လူငယ်နှင့် ကျန်းမာရေး၊ Grade-10 ကျောင်းသူ မနွေးနွေးလှိုင်က မိန်းကလေးများ နှင့် အမျိုးသမီးများ၏အခန်း ကဏ္ဍ၊ Grade-9 ကျောင်းသား မောင်ကျော်ဇင်ထိုက်က လူငယ်နှင့် စာဖတ်ခြင်း၊ Grade-8 ကျောင်းသူ မဝိုင်းစုခိုင်က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ် ဖြင့် ဆွေးနွေးပြောကြားကြောင်း သိရသည်။

ချမ်းမြေ့မောင်(ပြန်/ဆက်)

ကလောမြို့တွင် ငွေကျပ် ၁၂၇ ဒသမ ၆ သိန်းတန်ဖိုး၊ ဝေါမြို့နယ်တွင် ငွေကျပ်သိန်း ၃၄၈၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

ကလောမြို့တွင် ငွေကျပ် ၁၂၇ ဒသမ ၆ သိန်းတန်ဖိုး၊ ဝေါမြို့နယ်တွင် ငွေကျပ်သိန်း ၃၄၈၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံတန်ဖိုးရှိ ဘိန်းစိမ်းများ နှင့် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာလ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ



တရားခံ သန်းထွန်းနှင့် မခိုင်ခိုင်မော်တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူတွေ့ရစဉ်။

မော်(၅၃)နှစ်တို့ ၂ ဦး သယ်ဆောင် လာသည့် လက်ဆွဲခြင်းများတွင်း မှ ဘိန်းစိမ်း ၃၁ ဒသမ ၉ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၄ သိန်း နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၂၇ ဒသမ၆သိန်း) ဖမ်းဆီးရမိသဖြင့် သန်းထွန်းနှင့် မခိုင်ခိုင်မော်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေ အရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာလ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ ဝေါမြို့နယ်၊ ညောင်ခါးရှည်ရွာအနီး၌ ခိုလှမ်မြို့ ရပ်ကွက် (၆)နေသူများဖြစ်သည့် ချမ်းဟူ(၃၈)နှစ်မောင်းနှင်ပြီး ဒေါမိုင် (၄၇)နှစ်လိုက်ပါလာသော TOYOTA HILUX အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွ ဆေးပြား ၂၀၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုး ငွေကျပ်သိန်း ၃၁၂၀)နှင့် ဘိန်းဖြူ ၁ ဒသမ ၄ ကီလို (တစ်ကီလို လျှင်ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၆၀) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေး ချက်အရ ယင်းနေ့ည‌နေ ၄ နာရီတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ ခိုလှမ်မြို့နယ်၊ (၂၆)မိုင်ကျေးရွာရှိ ချောက်ကွမ်(ခ) ဂွမ်ချောင် (၃၀)နှစ်၏ နေအိမ်မှ မူးယစ်ဆေးဝါးများ သယ်ဆောင် ရာတွင် အသုံးပြုသည့် TOYOTA HILUX ယာဉ် ၁ စီးနှင့် SURF ယာဉ် ၁ စီးတို့အား သိမ်းဆည်းရမိခဲ့ပြီး နိုဝင်ဘာလ ၁၆ ရက်နံနက် ၁၀ နာရီခွဲတွင် မိုင်းယောင်းမြို့အနီးတွင် ချောက်ကွမ် (ခ) ဂွမ်ချောင်အား HILUX REVO ယာဉ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ချမ်းဟူ၊ ဒေါမိုင်နှင့် ချောက်ကွမ် (ခ) ဂွမ်ချောင်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

အလားတူ နိုဝင်ဘာလ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက်မြို့မလမ်းတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် နေ မောင်အေးထွန်း(၆၀)နှစ်နှင့် ထန်းတပင်မြို့နယ် ဒိတ်ကုန်းရွာနေ ထွန်းချေ(ခ) ဒေါင်းချေ(၅၈)နှစ်တို့ ၂ ဦးအား HONDA CRV အမျိုးအစား ယာဉ်နှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေး ရာဖွေရာ စိတ်ကြွဆေးပြား ၁၀ ဒသမ ၂ သိန်း (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံ) ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီး ရမိ စိတ်ကြွဆေးပြားများ သယ် ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်း ပါဝင်သူ ကျော်ဝင်း(ခ) ကျော်ဝင်းချော (၅၅)နှစ်အား မင်္ဂလာတောင်ညွန့် မြို့နယ်၊ ကျီတော်ရပ်ကွက်ရှိ နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် မောင်အေးထွန်း၊ ထွန်းချေ(ခ)ဒေါင်းချေ နှင့်ကျော်ဝင်း(ခ)ကျော်ဝင်းချောတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

PETRO VIETNAM FERTILIZER AND CHEMICALS CORPORATION
(PVFCCO)
Registration No. 148052727
(OVERSEAS CORPORATION-MYANMAR REPRESENTATIVE OFFICE)
NOTICE OF CLOSURE OF REPRESENTATIVE OFFICE IN MYANMAR
Pursuant to Section 55(a)of the Myanmar Companies Law 2017

1. The Directors of PETRO VIETNAM FERTILIZER AND CHEMICALS CORPORATION (PVFCCO) have, pursuant to a written resolution dated 17th November 2026, resolved to proceed with the closure of its Representative Office in Myanmar and to take the necessary steps for deregistration in accordance with Section 55(a) of the Myanmar Companies Law 2017.
2. The Directors have further appointed U Kyawt Mg (NRC No.12/MaGaTa(N)036479), B.A, C.P.A.,R.A.,I.C.M.A.,Part II(London)of No.3, 105th Street, Mingalar Taung Nyunt Township, Yangon Region, as the person responsible for coordinating the closure process and receiving claims relating to the Representative Office.
